mgyoe.com

ဂျက်
ကွမ်းခြံကုန်း

# မောတယ်ကွဲ့ တောအလယ်



mgyoe.com

mgyoe.com

မောတယ်ကွဲ့ တောအလယ်

ဂျကဲ

ကွမ်းခြံကုန်း



MTC0013

3,000.00 KS

mgyoe.com

မျက်နှာဖုံးနှင့်အတွင်းပန်းချီ - ဖေသစ်တည်
ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူပီတာပေ၊
(၀၂၀၇၇)၊ ဓမ္မရုံလမ်း၊ လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးဝန်းညီ၊ SKCC PRESS
(၀၀၄၁၃)၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

mgyoe.com

mgyoe.com

# ဂှက်

ကွမ်းခြံကုန်း



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | တောတရားစီရင်ခန်း | ၁ |
| ၂။ | စုံနံ့သာမြိုင်က ကျား | ၅ |
| ၃။ | ဒိုင်နိုဆောအလိုရှိသည် | ၉ |
| ၄။ | ဝံပုလွေခွဲတဲ့ တောထဲကဇာတ်ညွှန်း | ၁၃ |
| ၅။ | စုံနံ့သာမြိုင် သည်းသည်းလှုပ် | ၁၇ |
| ၆။ | တိရစ္ဆာန်တွေကြားမှာ မြစ်တွေဖြတ်သွားတော့ | ၂၁ |
| ၇။ | လာချင်တဲ့အကောင် လက်ညှိုးထောင် | ၂၅ |
| ၈။ | တောရဲ့အမှတ်တံဆိပ် | ၂၉ |
| ၉။ | အယုတ္တ အနတ္တ စုံတောမြိုင် | ၃၃ |
| ၁၀။ | တကယ်ကူးတာလား စုံနံ့သာမြိုင် | ၃၇ |
| ၁၁။ | စိတ်ထဲမှာ အဲဒါတွေပါလို့လား | ၄၂ |
| ၁၂။ | သူခိုးမရှိတဲ့တော | ၄၇ |
| ၁၃။ | ဝေဒနာကို မသေမချာ မလုပ်နဲ့ | ၅၂ |
| ၁၄။ | တောစားကျက်နဲ့ တောစားခွက် | ၅၆ |
| ၁၅။ | ရဂုံအတွင်းမှာတော့ ဒုံရင်း | ၆၁ |


mgyoe.com

mgyoe.com

၁၆။ သေချာရင် ခြေရာအတိုင်း လိုက်ကြစို့ ၆၅
၁၇။ အဝေးမှုန်တဲ့သတ္တဝါတွေကြောင့် ၆၉
၁၈။ အပါယ်လေးဘုံမှာလည်း နိုင်ငံရေးနဲ့ ၇၃
၁၉။ ကြက်တူရွေးအတွက် နွားနို့ခွက်များ ၇၇
၂၀။ တောစရိုက်ပေမို့ ဟောလ်တိုက်ပ် (Hall Type) ၈၂
၂၁။ ငါနဲ့ ငါ့မိဖုရား ကောင်းကြရဲ့လား ၈၈
၂၂။ ဒဏ္ဍာရီထဲက ထွက်ပြေးလာတဲ့ ကြက်တူရွေး ၉၂
၂၃။ တောထဲက အမေးနဲ့အဖြေများ ၉၇
၂၄။ မောစရာအတိနဲ့ တောဗျာဓိ ၁၀၂
၂၅။ တောထဲက မလိုင်၊ ဂနိုင်ထဲက အီလိဒ် ၁၀၇
၂၆။ ဂနိုင့်မျက်နှာဖုံး ၁၁၂
၂၇။ ဆင်ကြီး၊ ကျားကြီးတို့ရဲ့ ရယ်သံ ငိုသံများ ၁၁၇
၂၈။ ခါချဉ်သက်သေ ခြသက်သေ ၁၂၂
၂၉။ ကျားတစ်ချက် သမင်တစ်ချက် ဆင်တစ်ချက် ယုန်တစ်ချက် ၁၂၇
၃၀။ စုံနံ့သာမြိုင်မှာ လောင်တဲ့မီး ၁၃၂
၃၁။ တစ်ကောင်တစ်မြီးရယ်လို့ ယောင်ပြီး မထိလိုက်နဲ့ ၁၃၈
၃၂။ ရင်တမမနဲ့ ဖင်နှစ်ခွ စုံတောမြိုင် ၁၄၃
၃၃။ အမှတ်မရှိတဲ့ အကောင်တွေ ၁၄၈
၃၄။ တောစားခွက် ၁၅၃
၃၅။ မျက်ရည်မခိုင်တဲ့တော ၁၅၈
၃၆။ တောပြဇာတ်မှာ ဘယ်သူမင်းသားလဲ ၁၆၂
၃၇။ သတ္တဝါနဲ့ လက်နက်နဲ့ ၁၆၇
၃၈။ တောသဏ္ဍာန်နဲ့ တောအသံများ ၁၇၂
၃၉။ ပေါ့သေးသေးအကောင် မှတ်လို့လား ၁၇၇
၄၀။ လိပ်စိစဉ်တဲ့ သံစဉ်ခုနစ်ပါး ၁၈၂
၄၁။ တောပိုက်ဆံ ၁၈၇
၄၂။ သဘောအကွဲအလွဲနဲ့ တောငနဲ ၁၉၂
၄၃။ လူတွေက လွမ်းလေ တိရစ္ဆာန်တွေက ရယ်လေ ၁၉၇

mgyoe.com

mgyoe.com


၄၄။ စုံနံ့သာမြိုင် အခုပြောင်းပြီလား ၂၀၂

၄၅။ လူတစ်ကောင် တိရစ္ဆာန်တစ်ယောက် ၂၀၇

၄၆။ ရဂုံတစ်ရုံးမှာ ပညာတွေ တစ်ဟုန်ထိုးပါလို့ ၂၁၁

၄၇။ စုံနံ့သာမြိုင်မှာ လောင်တဲ့မီး ၂၁၅

၄၈။ မှားသလား မှန်သလား တောလမ်းများ ၂၂၀

၄၉။ တောမီးဘယ်ကစ ၂၂၅

၅၀။ ဘယ်အကောင် တရားခံလဲ ၂၃၀

၅၁။ ငါထင်တယ် ခါချဉ်ရယ် ၂၃၅



❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# တောတရားစီရင်ခန်း

(တစ်)

ဒေဝီဘွတ်အဲဆိုတဲ့ နွားမကြီးရဲ့ လက်ထဲကို ကြည့်လိုက်တော့ မြက်ထုံးတစ်ထုံးကို ကိုင်လို့ခင်ဗျ။ ရိတ်လာခါစမို့ ထင်ပါရဲ့။ မြက်တွေက စိမ်းလို့။ သက်လျာချိုကုပ်ဆိုတဲ့ နွားမကြီးကကျတော့ လက်ထဲမှာ ပဲဖတ်၊ နှမ်းဖတ် အထုပ်ကလေးကိုင်လို့။ နှစ်ကောင်သား စကားတပြောပြောနဲ့ လာကြတာ မှန်ပေမဲ့ မျက်နှာတွေကတော့ သိပ်မကောင်းကြပါဘူး။

"ဘယ်တုံးဗျ"

တောလမ်းတစ်နေရာမှာ တည့်တည့်ကြီးတိုးပြီမို့ ဂျက်က အနို့ကလိုပဲ နှုတ်ဆက်စကား ဆိုမိပါရဲ့။

"ဩော် ... မကြားမိဘူးလား ဆရာကြီးဂျက်ရယ်" တဲ့။

နွားမကြီးနှစ်ကောင်က သံပြိုင်ရယ်ပါ။ ပြီးမှ ဒေဝီဘွတ်အဲက လေအေးအေးကလေးနဲ့ စကားကို ဆက်တာပါ။

"ကျွန်မတို့ နှစ်ကောင်ရဲ့ ခင်ပွန်းလင် နွားကြီးနှစ်ကောင် အချုပ်ထဲရောက်နေတာ ဒီနေ့စီရင်ချက်ချမယ်တဲ့လေ ဆရာကြီးဂျက် သိတယ်မှတ်လို့"တဲ့။

ဩော် ... တစ်ခါတစ်ခါတော့လည်း တောထဲက သတင်းတွေက

mgyoe.com

mgyoe.com

မျက်စိမှောက်နားလှံဖြစ်တယ် ထင်ပါရဲ့။ နွားကြီးနှစ်ကောင် အချုပ်ထဲရောက်နေတဲ့ သတင်းကို ဘာကြောင့်များ ဂျက်မသိဘဲ ဖြစ်ခဲ့ရပါလိမ့်။ ထား။ အခုတော့ နွားဖနီးနှစ်ကောင်နဲ့ တည့်တည့်တိုးကာ နွားထီးနှစ်ကောင်ရဲ့ သတင်းကို ကြားခဲ့ရပါပေါ့။

ဒါနဲ့ ဂျက်လည်း နွားမကြီးနှစ်ကောင်က အခုအားလားလို့ မေးလာတဲ့အခါ အမှုသွားအမှုလာကို သိချင်တာကြောင့် အားကြောင်းဝန်ခံပြီးတဲ့ သကာလ ယင်းနှစ်ကောင်နဲ့အတူ အကျဉ်းထောင်အချုပ်ခန်းကလေးရှိရာဆီ လိုက်ပါလာခဲ့မိပါရဲ့။

(နှစ်)

နွားလင်ကြီးနှစ်ကောင်က ဒေဝီဘွတ်အဲနဲ့ သက်လျာချိုကုပ်ဆိုတဲ့ နွားဖနီးသည်တွေ ယူလာတဲ့မြက်နဲ့ ပဲဖတ်နမ်းဖတ်ကလေးတွေကို တိရစ္ဆာန်အချုပ်ခန်းကလေးထဲမှာ စားကြဝါးကြပြီးတဲ့ သကာလ တိရစ္ဆာန်တရားခွင်ရှိရာဆီကို ရောက်လာကြပါလေရော။ ကြိုးတန်းလန်းနဲ့ အဆွဲခံပြီး ရောက်လာတာပေါ့။ အမှုစစ်ဖို့။ စီရင်ချက်ချမယ့် ဖွတ်ကြီးက ခေါင်းပေါင်းစတလူလူနဲ့။

"မောင်မင်းတို့နှစ်ကောင်တစ်သက်လုံးလုပ်ခဲ့တဲ့အလုပ်အကိုင်"

"လယ်ထွန်၊ စပါးနယ်၊ စပါးတိုက်"

"အခု မောင်မင်းတို့ ကျူးလွန်တဲ့အမှုက"

"လယ်ထွန်တာပါ"

"လယ်ထွန်တာတော့ ဟုတ်တယ်လေ အဘယ်မှာ ထွန်သတုံး သိချင်တာ"

"လယ်ထွန်ပါတယ်ဆို လယ်ထဲမှာပဲ ထွန်တာပေါ့။ ဟိုးအရင့်အရင် သမိုင်းအစဉ်အဆက်နွားကြီးတွေထွန်ခဲ့တဲ့ လယ်တောမှာပဲ ထွန်တာပေါ့ခင်ဗျ"

"ဟုတ်ပါပြီ။ အနို့ပေမဲ့ အခုဟာက ခြသေ့်တွေက တရားစွဲတာလေ သူတို့မြေပေါ်မှာ ကျူးကျော်တယ်ဆိုလို့"

"အဲဒါတော့ မသိဘူးခင်ဗျ တစ်ရက် ခြသေ့်တွေ ရောက်လာပြီး ခြသေ့်ပိုင်မြေ မကျူးကျော်ရလို့ ဆိုတဲ့ ဆိုင်းဘုတ်ကြီးတွေ လာထောင်တာတော့

mgyoe.com


သိလိုက်တယ် ... အနို့သော် မိမိတို့ နွားသဘာဝ ထွန်ယက်လာတဲ့ မြေပေါ်မှာ ... မိမိတို့ ထွန်မြဲထွန်ကြတာပေါ့ဗျာ ဆိုင်းဘုတ်ထူလိုက်တာနဲ့ ဘယ့်နှာကြောင့် ခြသေ့ံပိုင်မြေ ဖြစ်သွားရတယ်ဆိုတာတော့ ဘယ့်နှာလုပ် သိနိုင်ပါလိမ့်မလဲ"

"အိမ်း ... အခု အဲသည့် ခြင်္သေ့တွေက တရားစွဲတာ ဘာပဲဖြစ်ဖြစ် ခြသေ့ံပိုင်မြေလို့ ဆိုင်းဘုတ်ထူထားမှဖြင့် ခြသေ့ံပိုင်ပဲပေါ့။ မောင်မင်းတို့ နွားတွေက ဆိုင်းဘုတ်မှ မထူထားတဲ့ဥစ္စာ ဒါ့ကြောင့် ပိုင်နက် ကျူးလွန်တာကတော့ ထင်ရှားနေခဲ့ပြီ။ ဒါ့ကြောင့် ထောင်ဒဏ် ခြောက်လ ကျခံစေ"

မြတ်စွာဘုရား လယ်ကွင်းထဲ လယ်ဆင်းထွန်တဲ့ နွားတွေ ခြသေ့ံပိုင်မြေကို ကျူးကျော်တယ်ဆိုပြီး ထောင်ကျသဗျ။ ကြိုးတန်းလန်းနဲ့ ဆွဲခေါ်သွားတဲ့ နွားကြီးတွေကို ကြည့်ကာ နွားမကြီးတွေက မျက်ရည်စမ်းစမ်းစမ်းစမ်းနဲ့။

(သုံး)

လူတို့ရပ် လူတို့ရွာ လူတို့ကမ္ဘာမှာဖြင့် မိုးကလေးဖြိုင်ဖြိုင်ကျလို့ မြေသင်းနံ့ကလေးတွေရကာ လယ်တော ယာတောမှာ ရေတို့ ဖွေးစပြုလာပြီဆိုတာနဲ့ ကျွဲတို့၊ နွားတို့၊ လယ်တောကို ဆင်းကြပြီ။

စုံနံ့သာမြိုင်ကတော့ အဆန်းခင်ဗျ။ ကျွဲတွေ၊ နွားတွေက လယ်တောထဲဆင်းရမှာ စိုးတထိတ်ထိတ် ဖြစ်ကုန်ကြလေသတဲ့။ ခြသေ့ံပိုင်မြေ မကျူးကျော်ရဆိုတဲ့ ဆိုင်းဘုတ်တွေက တိရစ္ဆာန်တွေရဲ့ လယ်တောယာတောမှာ အနှံ့အပြားကိုး။

ဒါကြောင့်ထင်ပါရဲ့။ စုံနံ့သာမြိုင်က နွားတွေ၊ ကျွဲတွေ လူတွေနေတဲ့ အရပ်ကို တက်တက်လာလိုက်ကြတာ။ ဆိုက်ကားနင်းတဲ့ နွားကနင်းလို့။ တို့ဟူးသုပ်ရောင်းတဲ့ ကျွဲက ရောင်းလို့ ။ ။

**7Day Daily, 11.June.2017**

mgyoe.com

mgyoe.com

# စုံနံ့သာမြိုင်က ကျား

(တစ်)

အာရုကျားဆိုတာ ဘယ့်နှာသို့သော သတ္တဝါကို ပြောတာတုံးခင်ဗျ တဲ့။ အဲဒါ စုံနံ့သာမြိုင်တောထဲက သတ္တဝါတချို့က ဂျက်ကို မေးဖူးတဲ့ မေးခွန်းပါ။ သမင်လည်း ပါမယ်ထင်ပါရဲ့။ ဒရယ်လည်း ပါမယ်ထင်ပါရဲ့။ ယုန်လည်းပါမယ်ထင်ပါရဲ့။ အဲသည့်မေးခွန်းကို မေးကြတဲ့ သတ္တဝါတွေကို ပြောတာပါ။

ဟုတ်တာပေါ့။ ကျားပဲဥစ္စာ။ ဘာကျားရယ်၊ ညာကျားရယ်ဆိုပြီး ခွဲစရာ လိုသေးရဲ့လားဆိုတာမျိုးပါ။ ကိုယ်ပေါ်မှာ အဝါအစင်း ကျားကြီးတွေ ပါတဲ့ သတ္တဝါမှန်ရင် ကျားလို့ခေါ်နေကြတဲ့ဟာပဲဥစ္စာ။ ဘယ့်နှာကြောင့် အာရုကျားရယ်၊ ဘာရယ်နဲ့ ခွဲခြားခွဲခြားကြီး လုပ်ရလေသလဲပေါ့။

ဂျက်က ရှင်းပြရပါတယ်။ တင်စားတာလို့။ ကျားဆိုတာ လျင်တယ်၊ မြန်တယ်၊ အကွက်ချောင်းတယ်၊ ပိုင်ရင်ခုန်အုပ်တယ်၊ စားတယ်လို့။ အဲသလို ပဲ လူတွေထဲမှာလည်း အနို့ကလို အကျင့်စရိုက်ရှိသူကို ဒီလူက ကျားပဲကွာ ဘာညာနဲ့ ပြောလေ့ရှိကြပါတယ်လို့။ တိုင်းပြည်တွေ၊ နိုင်ငံတွေထဲမှာလည်း လျင်လျင်မြန်မြန်နဲ့ ကြီးပွားမယ့်အကွက်ကိုချောင်းကာ ပိုင်တာနဲ့ အခွင့်အလမ်း

mgyoe.com

ကို အရအမိဆုပ်ကိုင်သွားတဲ့နိုင်ငံကို ကျားလို့ခေါ်တာပါလို့။ အာရှကျား ဆိုတာကတော့ အာရှတိုက်မှာ ရုတ်တရက် အခွင့်အလမ်းတွေနဲ့ ပွင့်လန်းပြီး ရှေ့ကိုရောက်သွားတဲ့ နိုင်ငံကို အာရှကျားရယ်လို့ တင်စားခေါ်တာပါလို့။

အဲသမှာ ယုန်ကလေးကထင်ပါရဲ့ ဂျက်ကို ပြန်ပြောတာ။

"ဟုတ်လိုက်လေဗျာ ... စုံနံ့သာမြိုင်တောထဲက ကျားကလည်း ထို နည်းလည်းကောင်းဗျ ဆရာကြီးဂျက်ရ" တဲ့။

ဂျက်က ဘယ်ကျားတုံးဆိုတာကို မေးရပါတယ်။ ယုန်က ဘယ်ကျား ရှိရမတုံး ဂျက်ဆရာရဲ့တဲ့။ တောကို မြေခွေးက ဦးသျှောင်လုပ်ခဲ့စဉ်တုန်းက တောလီဒါ (Leader) တွေထဲမှာ နေရာရခဲ့တဲ့ ကျားပဲပေါ့တဲ့။ ခုနက အာရှ ကျားရယ်လို့ တင်စားပြောခဲ့တဲ့စကားထဲက ကျားအတိုင်းပါပဲဗျာတဲ့။ ချောင်း မယ်၊ မြောင်းမယ်၊ ပုန်းမယ်၊ ဝပ်မယ်၊ ပိုင်ရင်ခုန်အုပ်မယ်၊ လျှင်လျှင်မြန်မြန်နဲ့ ကိုက်မယ် ခဲမယ်၊ အသွေးတို့ အသားတို့ကို ဝါးမယ် မျိုမယ်။ စုံနံ့သာမြိုင်က ကျားကလည်း အဲသည့်အတိုင်းပါပဲခင်ဗျတဲ့။ ဆရာကြီးဂျက် တင်စားပြော တာပါလို့ ပြောခဲ့တဲ့ စကားထဲက ကျားအတိုင်းပါပဲတဲ့။

"နေပါဦး ... တစ်ကွက်လောက်၊ တစ်ချက်လောက် အဲသည် စုံနံ့သာ မြိုင်က ကျားရဲ့ သရုပ်ကလေး ဖောက်သည်ချပါလား" လို့ ဂျက်က တောင်း ဆိုမိပါရဲ့။ ဘယ်နေမလဲ။ ပြောကြတော့တာပေါ့။

(နှစ်)

စုံနံ့သာမြိုင်ကကျားရဲ့ သရုပ်ကလေးကို ဖော်ပြချင်တဲ့နှစ်က မုန်တိုင်း တွေ အကြီးအကျယ်တိုက်တဲ့နှစ်ဆိုလား။

ရောမမုန်တိုင်းကြီးတဲ့ခင်ဗျ။ တစ်တောလုံး သစ်ပင်တွေ အပိုင်းပိုင်း အပြတ်ပြတ်နဲ့တဲ့။ အလဲလဲ အပြိုပြို။ ရေတွေက လျှံတက်လာလိုက်တာ တော်ရုံတန်ရုံအပင်တွေ ထိပ်ဖျားကလေးတွေပဲ ကျန်တော့တယ်။ အကုန်မြုပ်။ သေတာပေါ့။ ဘာပြောကောင်းမလဲ။ သတ္တဝါကလေးတွေ၊ သတ္တဝါကလေး တွေဆိုတာ။ အဲသည့်နှစ်က ကဆုန်စိုင်းလိုက်တဲ့ မုန်တိုင်းကြီးဟာ တိရစ္ဆာန် တို့ရဲ့ စုံနံ့သာမြိုင်သမိုင်းမှာ အရိုင်းဆုံးသဘာဝဘေးအန္တရာယ်ကြီးပါတဲ့။ အသက် (၆၀) နီးနီးရှိပုံရတဲ့ ဆင်ကြီးက အဲလီးဖင့် (Elephant) တွေရဲ့

mgyoe.com

mgyoe.com


နေ့စဉ်မှတ်တမ်းမှာ အနို့ကလို မုန်တိုင်းမျိုး တစ်ခါမျှ မကြုံခဲ့ဖူးကြောင်းပါတဲ့။ ထားတော့။

ပြောချင်တာက စုံနံ့သာမြိုင်က ကျားကိစ္စ။

အဲသည့်မုန်တိုင်းကြီးအပြီးမှာ ကျားဟာ ဘယ်နှယ်သော သတ္တဝါဆိုတာ ပေါ်လွင်သွားခဲ့ရတာပါ။

လူ့ရွာအသီးသီးက အကူအညီတွေဟာ စုံနံ့သာမြိုင်ရှိရာဆီ လိမ့်ဝင်လာဖို့ ပြင်ဆင်နေတဲ့ ကာလပေါ့။ အဲသမှာ တိရစ္ဆာန်ကလေးတွေကို ကရုဏာသက်တဲ့ လူ့ကမ္ဘာက ရောက်လာတဲ့ အကူအညီကို လက်ခံဖို့ရာ ကျားကို တာဝန်ပေးလိုက်တာပါ။

စုံနံ့သာမြိုင်ကို မယုံစရာစတိုင် ပြန်လည်တည်ဆောက်ရေးဥက္ကဋ္ဌတဲ့ ခင်ဗျ။ အဲသမှာ စုံနံ့သာမြိုင် ကျားရယ်လို့ သရုပ်ပေါ်လာခဲ့ရတာပါ။

(သုံး)

တိရစ္ဆာန်မိသားစုတွေကို ခြင်ထောင်တစ်လုံးစီ ပေးဝေချင်သဗျာတဲ့။ အဲဒါ လူ့ရွာတစ်ခုက ကမ်းလှမ်းလာတဲ့ စကားပေါ့။ အဲသမှာ ကျားကို တိရစ္ဆာန်မိသားစုစာရင်း တင်ပြခိုင်းလာတာပါ။

ပိုင်သဗျာ။ တောမှာ တကယ်ရှိတာက အလွန်ဆုံးရှိလှ မိသားစု ငါးထောင်ပေါ့။ တစ်သောင်းပေါ့။ ကျားက နှစ်သောင်းဆိုပြီး ရေးတင်လိုက်သဗျ။ ခြင်ထောင်မှ မဟုတ်ပါဘူး။ တိရစ္ဆာန်အသုံးအဆောင် အရေအတွက် နှစ်ဆ။ စုံနံ့သာမြိုင် မယုံစရာစတိုင် ပြန်လည်တည်ဆောက်ရေးဥက္ကဋ္ဌ ကျားရှိရာဆီ ဝင်လာတဲ့ အရေအတွက်။ တစ်ဝက်တိတိကို မုန်တိုင်းမိ တိရစ္ဆာန်တွေကို ပေးဝေ၊ တစ်ဝက်တိတိကို ကျားဂိုဒေါင်ထဲမှာ သိမ်းထား။ အဲဒါ အာရှကျားမဟုတ်တဲ့ စုံနံ့သာမြိုင်ကျား။

ကျားရဲ့လုပ်ပေါက်ကလေးတစ်ခု ရှိသေးသဗျ။ မုန်တိုင်းအပြီးမှာ ငါးရှာစားတဲ့ ဖျံကလေးတွေကို လှေကလေးတွေ ဝေပေးချင်တယ်လို့ လူတွေက ကမ်းလှမ်းပါတယ်။ ဖျံတစ်ကောင် လှေတစ်စင်း ငွေနှစ်သောင်းဆိုပါတော့။ လှေလိုတဲ့ ဖျံတစ်ကောင်စီကို ငွေနှစ်သောင်းစီပေးဝေလိုသပေါ့။ ကိုယ့်ဘာသာကိုယ် လှေလုပ်ယူပေါ့။

mgyoe.com

mgyoe.com


အဲသမှာ ကျားက ဝင်ပြီးစီမံခန့်ခွဲပေးတာပါ။ လှေဘယ်နှစင်း ငွေဘယ်လောက်။ သူ့ကိုပေး။ သူလှေလုပ်ပေးမယ်။ ပြောရရင် မုန်တိုင်းပေးတဲ့ ဒုက္ခနဲ့ ငါးရှာစားမယ့် ဖျံကလေးတွေဟာ သူတို့ရမယ့် လှေတန်ဖိုးကို ကျားက ထုတ်ယူသွားတာ ခံလိုက်ရပြီး ကျားလုပ်ပေးတဲ့ လှေတွေကို ယူလိုက်ကြရတာပါ။ တကယ့်ကို ကျားသားမိုးကြိုးလှေပါ။ ဘုရားစူးမိုးကြိုးပစ်လှေပါ။ အံ့ဩကုန်နိုင်ဖွယ်လှေပါ။ သစ်ဆွေး သစ်ညံ့ သစ်ကွေး သစ်ကောက် သစ်ပွ သစ်ရွတွေနဲ့ ဖြစ်ကတတ်ဆန်း လုပ်လွှတ်လိုက်တဲ့လှေ။ တန်လှ တစ်သောင်းပေါ့။ အဲသဟာ စုံနံ့သာမြိုင်က ကျားရဲ့လုပ်ကွက်။

ဆေးတွေ၊ ဆေးတွေ။ တိရစ္ဆာန်ထု ကျန်းမာရေးအတွက် လူတွေကပေးတဲ့ ဆေးတွေကလည်း နည်းတာမှ မဟုတ်တာကလား။ အားဆေးတွေရော၊ ကာကွယ်ဆေးတွေရော၊ ကုသမှုဆေးတွေရော။ စုံနံ့သာမြိုင်တောထဲက တိရစ္ဆာန်တွေအတွက်တဲ့။ လူတွေက ပေးတာ။

ကျားကပဲ လက်ခံသဗျ။ ကျားက တောကိုလည်း ဝေငှပေးပါသဗျ။ အနို့သော် ...။ ဟုတ်ကဲ့။ မူလပေးတဲ့ဆေးတွေက အင်္ဂလန်ကထုတ်တာ၊ ဂျာမနီက ထုတ်တာ၊ ဩစတြေးလျက ထုတ်တာ။ သို့လင့်ကစား ကျားက တရုတ်လိုနိုင်ငံက လာတဲ့ဆေးနဲ့လဲကာ တိရစ္ဆာန်တွေကို ပေးလေတာခင်ဗျ။ မုန်တိုင်းအလွန်မှာ ကျားဟာ ဝုန်းခနဲ ဒိုင်းခနဲ စုံနံ့သာမြိုင်ရဲ့ ထိပ်သီးသူဌေးတွေထဲမှာ ပါသွားတာ ဘာဆန်းတာမှတ်လို့။

(လေး)

အာရုကျားတဲ့ ဝပ်တွားငြိမ်သက် ပုန်းအောင်းချောင်းမြောင်း ခုန်အုပ်ကိုက်ဖြတ်။ စုံနံ့သာမြိုင်က ကျားကလည်း ဘာထူးတာမှတ်လို့။

ဒါပေမဲ့ ကျားမှန်းသိပါလျက် အဲသည့်ကောင်က ကျားနော်လို့ ပြောရတာကဖြင့် နည်းနည်းကလေး အူကြောင်ကြောင်နိုင်သလိုပါပဲ။

မတတ်နိုင်ပါဘူးလေ။ အဲသည့်အကောင်က ကျားလို့တော့ ပြောရပေမှာပေါ့။ သူ့ဘာသာသူ ကျားဖြစ်ဖြစ်၊ မဖြစ်ဖြစ်။ ဟုတ်ဘူးလား။

**7Day Daily, 19.February.2017**

❒

mgyoe.com

mgyoe.com

# ဒိုင်နိုဆော အလိုရှိသည်

(တစ်)

မီးတကာ့မီးထဲမှာ အဘယ်မီးက အမြန်ဆုံးလဲတဲ့ခင်ဗျ။ ပျင်းတောင်ပျင်းသေးတယ်။ မေးခွန်းက လွယ်လွန်းလို့။ တောမီးပေါ့ဗျာရယ်။ သတင်းတစ်ခု လျင်လျင်မြန်မြန်ကြီး ပျံ့နှံ့သွားရင်တောင် တောမီးပမာ ဘာညာနဲ့ လူတွေ တင်စားပြီး ပြောလေ့ရှိကြတယ် မဟုတ်လား။ အဖြေက တောမီးပဲပေါ့။ ဟုတ်တယ်။ တကယ်တမ်းသာ လောင်ပြီလို့ဆိုခဲ့ရင် ငြိမ်းသတ်ဖို့ အခက်ဆုံးဟာ တောမီးပဲပေါ့။

ခုနက အထက်တစ်နေရာက စကားကို ပြန်ကောက်ပြီး ဆက်ပြောရရင် တောမီးထက် ပိုမြန်တာကကျတော့ သတင်းပေါ့။ အင်န်အီးဒဗလျူအက်စ် (NEWS) နျူးစ်ဆိုတဲ့ဟာ။ ဘာမြန်သလဲမမေးနဲ့။ တောကြက်မကြီး ဥဥတဲ့အခါ ကြက်ဖင်ထဲကနေ ဥကလေးထွက်လာတာနဲ့ သတင်းကစပြီး ပြန့်ထွက်သွားလိုက်တာ ကြက်ဥတစ်ဥလုံး အပြင်ကိုရောက်တဲ့အချိန်မှာ တစ်တောလုံး နှံ့သွားပြီဆိုပါတော့။

အခုလည်းကြည့်။ ဆောမဲ့ပေးထားတဲ့ သမင်ကြီး မနက်ခင်း လင်းစအချိန်ကလေးမှာ စမ်းချောင်းရေစပ်စပ်ဆီမှာ ရေသောက်ဖို့ ဆင်းလာတုန်း

mgyoe.com

mgyoe.com

တောခွေးတစ်ကောင်က အတင်းရော အဓမ္မရောဆိုသလို လည်မျိုကို ခုန်ဟပ်ပြီး မလွှတ်တမ်းငုံခဲထားကာ ဆန့်ငင်ဆန့်ငင်နဲ့ သမင်ကြီး လဲကျသေဆုံးသွားတော့မှ ထွက်ပြေးတာ။

ကံသီလို့ပဗျာရယ်။ လက်စပြတ်တော့မလို့။ ခပ်လှမ်းလှမ်းကနေ ရေသောက်ဖို့ ဆင်းလာတဲ့ နွားသိုးကြီးက တအားပြေးပြီး ကျုံးဝှေ့ထည့်လိုက်တာ အဲသည်တောခွေး ပုံလျက်သား ပစ်ကျသွားလို့ပေါ့။ နို့မို့ဆို တရားခံလွတ်တယ်။

ချက်ချင်းဆိုမှ ချက်ချင်း၊ လက်ငင်းဆိုမှ လက်ငင်းပါဗျာရယ်။ ဆားမဲ့သမင်ကို တောခွေးက ခဲတဲ့သတင်း၊ အဲသည့်အနိုတောခွေးကို နွားသိုးရဲ့ ချိုချက်နဲ့ လက်ရဖမ်းမိတဲ့ သတင်းတွေက စုံနံ့သာမြိုင်တောအတွင်းမှာ စက္ကန့်ပိုင်းကလေးနဲ့ ပျံ့နှံ့သွားလိုက်တာများဆိုတာ။ ပြောခဲ့ပါပြီကော။ တောမီးလောင်တဲ့အတိုင်းပါပဲဆိုတာ။ မြန်ပုံများ။

(နှစ်)

တောခွေးခမျာလည်း မြင်မကောင်းပါဘူး။ နွားသိုးရဲ့ချိုချက်က တစ်ချက်မို့သာ တော်တော့တယ်။ သွေးသံတရဲရဲနဲ့။ တိရစ္ဆာန်တရားရုံးကလေးထဲမှာ အစစ်ခံနေလိုက်တာ။

"စားဖို့လည်း မဟုတ်ဘူး။ ရန်ငြိုးရှိလို့လည်း မဟုတ်ဘူး။ ဒါဆို တိရစ္ဆာန်ပေါင်းစုံ ငြိမ်းချမ်းဖို့လုပ်နေတဲ့ ဆားမဲ့သမင်ကြီးကို ဘာကြောင့်ကိုက်တယ်ဆိုတာ ပြောပါဦး"

ဖွတ်ကြီးနဲ့အတူ ထိုင်နေတဲ့ တရားစီရင်သူ ပုတ်သင်ညိုကြီးက အနို့ကလို မေးသဗျ။

"အသားခြောက် ပိဿာတစ်ရာပေးမတဲ့။ ခိုင်းလို့လုပ်တာ"

ဟောဗျာ။ ခိုင်းလို့လုပ်တာတဲ့။ ဖြေပုံက။ တောခွေးရဲ့အဖြေက အံ့သြစရာကြီး။ တရားစီရင်သူ ပုတ်သင်ညိုကြီးက မေးရတော့တာပါ။

"အလို ... အသားခြောက် ပိဿာတစ်ရာပေးပြီး ခိုင်းသတဲ့။ အနို့ဘယ်အကောင်က ခိုင်းတယ်ဆိုတာ ဖွင့်ဟစမ်းအမောင်တောခွေးငဲ့"

"ဝံပုလွေက ခိုင်းကြောင်းပါ" တဲ့။ တောခွေးရဲ့ စကားအဆုံးမှာ တော‌ာ

mgyoe.com

mgyoe.com
တရားစီရင်ခန်း ခေတ္တရပ်ဆိုင်းကြောင်း ဟူလို။

(သုံး)

အနို့ကလို သို့ကလိုနဲ့ နောက်ထပ်တစ်ခါ တောတရားစီရင်ခန်းထဲကို ဝင်လာပြန်တာက ဝံပုလွေပါခင်ဗျ။ လက်ထိတ်ခတ်ထားတဲ့ ကြားကကိုပဲ အစွယ်ကြီးက အဖွေးသားနဲ့။

"တောငြိမ်းချမ်းရေးလုပ်နေတဲ့ ဘေးမဲ့သမင်ကြီးကို ကိုက်သတ်ဖို့၊ တောခွေးကို အသင်ဝံပုလွေက အသားခြောက်ပိဿာတစ်ရာပေးပြီး ခိုင်းတယ်လို့ ဖြောင့်ချက်ပေးထားပြီး ဖြစ်ပါတယ်။ ဘဇာကြောင့် ခိုင်းကြောင်း ရှင်းပါလေ"

အခိုင်အမာ စကားတွေမို့ ဝံပုလွေငိုင်ကာ သွားပါတယ်။ တင်းခံကာ ငြင်းဆန်မနေတော့ပါဘူး။ ဝန်ခံပါတယ်။

"မိမိကို သတ္တဝါတစ်ကောင်က ခိုင်းတာပါ။ မြေခွေးပါ။ အသား ခြောက် ပိဿာတစ်ထောင် ပေးကြောင်းပါ"

တရားစီရင်နေကြတဲ့ ဖွတ်ကြီးတို့၊ ပုတ်သင်ညိုကြီးတို့ဟာ ခေါင်း တညိတ်ညိတ်နဲ့ပေါ့။

သိပ်မကြာပါဘူး။ တိရစ္ဆာန်တရားစီရင်ရေးအခန်းထဲကို မြေခွေးပါ ထပ်ရောက်လာခဲ့တော့ပြန်တာပါ။ သူကလည်း အစွယ်နဲ့အကောင်မို့ ခပ် ထောင်ထောင်ပါပဲ။

"ကဲ ... ဘွင်းဘွင်းပဲ မေးလိုက်တော့မယ်။ အမောင်မြေခွေးရေ့ သင့် ကိုကော တစ်ကောင်ကောင်က ခိုင်းတာပါပဲလား"

မြေခွေးရဲ့ ပုံပန်းက နည်းနည်းကလေး ရိုင်းပျပေမဲ့ ဖြေပုံကတော့ မဆိုင်းမတွ ဆိုသလိုပါပဲ။

"ဟုတ်တယ်။ ကျားကခိုင်းတာ။ အသားခြောက် ပိဿာ တစ်သောင်း ပေးတယ်"

ကျားဆိုတော့ စီရင်သူတွေ နည်းနည်းကလေးများ ဖျားသွားလေရော့ သလားမသိ။

"မြေခွေးရေ ဟုတ်မှပြောနော်" တဲ့။
mgyoe.com

mgyoe.com

တောခွေးကို နိုင်းတာက ဝံပုလွေ၊ ဝံပုလွေကို နိုင်းတာက မြေခွေး၊ မြေခွေးကို နိုင်းတာက ကျားဆိုတော့ အကောင်က တဖြည်းဖြည်းနဲ့ ကြီးကြီးလာတာကိုး။

"ကဲ ကဲ ... တောတရားစီရင်မှု ဒီမှာ ခဏနားကြရအောင်"

(လေး)

တောခွေးရဲ့ ကိုက်ခဲမှုနဲ့ ဘောမဲ့သမင်ကြီး သေပွဲဝင်ရတဲ့အမှုမှာ အဓိက လက်သည်ကို မမိသေးခင်မှာ တောခွေးကိုပဲ ဖမ်းထားဖို့ တိရစ္ဆာန်တရားရုံးက စီရင်ချက်ချသဗျာ။

ကျားရဲ့ထွက်ဆိုချက်က အဓိက လက်သည်ကို ထုတ်ပြောသွားခဲ့ပြီကိုး။ ကျားပြောပုံက ...

"ကျုပ်ကိုနိုင်းတာ ဒိုင်နိုဆော" တဲ့။

အဲသမှာ စုံနံ့သာမြိုင်တောအတွင်း၌ ဒိုင်နိုဆောကို မတွေ့မချင်း ရှာစေဖြစ်တော့တာပါ။ ဒါပေါ့။ လောလောဆယ်မှာ တောခွေးကိုပဲ ဖမ်းထားရမှာပေါ့။ ဒိုင်နိုဆောကြီးကို လိုက်ရှာလို့တွေ့တဲ့အထိ။ ။

**7Day Daily, 26.February.2017**

❐

mgyoe.com

mgyoe.com

# ဝံပုလွေခွဲတဲ့ တောထဲက ဇာတ်ညွှန်း

(တစ်)

လန်ဒန်မြို့ဂလုပ် (Globe) ပြဇာတ်ရုံကြီးထဲကနေ ရှိတ်စပီးယား (Shake Speare) ရဲ့ ပြဇာတ်ကို ကြည့်လို့အပြီး လူတွေ ကျေနပ်ပီတိကိုယ်စီနဲ့အတူ အုတ်အော်သောင်းတင်းဖြစ်ကာ ထွက်လာကြတဲ့ မြင်ကွင်းနဲ့ ခပ်ဆင်ဆင်ပါပဲခင်ဗျ။ တိရစ္ဆာန်တွေ၊ တိရစ္ဆာန်တွေဆိုတာ အကောင်အရေအတွက်နည်းတာမှ မဟုတ်တာကလား။ တောပြဇာတ်ရုံကြီးထဲက ထွက်လာလိုက်ကြတာ။ ပေါက်ပေါက်ဖောက်တဲ့အတိုင်းပါပဲဗျာရယ်။ တောပြဇာတ်အကြောင်းကို ပွစိပွစိနဲ့ ပြောလာလိုက်ကြတာများ ဆိုတာ။

အဲ ... တစ်ခုပဲ ခင်ဗျ။ ပြောပုံချင်းကွာခြားတာကလေးက။ ရှိတ်စပီးယားရဲ့ ပြဇာတ်အကြောင်း ပြောထွက်လာကြသူတွေက ချီးမွမ်းထောမနာသံတွေနဲ့ ညံနေတာ။ ဇာတ်လမ်းက ဘယ်လိုကောင်းတာ။ ဇာတ်ဆောင်တွေက ဘယ်လိုသရုပ်ပေါ်တာ။ ရည်ရွယ်ချက်က ဘယ်လို အနှစ်သာရရှိတာ။ အပြန်အလှန်ပြောစကားတွေက ဘယ်လိုထိရောက်တာ။ ဘဝင်ကျကျနဲ့ ရွှင်ပျနေတဲ့အသံတွေချည်း။

တောပြဇာတ် ပရိသတ်ကကျတော့ ပြောင်းပြန်။ အယုတ္တ အနတ္တတွေ

mgyoe.com

mgyoe.com
ဆဲနေတဲ့ တိရစ္ဆာန်ကဆဲလို့။ တဖျစ်တောက်တောက်အပြစ်ဆိုတဲ့ သတ္တဝါက ဆိုလို့။ တောက်တခေါက်ခေါက်လုပ်တဲ့ အကောင်ကလုပ်လို့။ ရဂုံသဘော ကို ခြုံပြောရရင် တိရစ္ဆာန်ပြဇာတ်ရုံကြီးထဲ ထွက်လာကြတဲ့ သတ္တဝါတွေဟာ ဘယ်အကောင်ကမှ သူတို့ကြည့်ခဲ့တဲ့ ပြဇာတ်ကို ဘဝင်မကျနိုင်ကြပါလေဘူး။

အနို့ကလိုဖြင့်ရင် ခင်ဗျားကကော ဂျက်ဆရာရယ်လို့ မေးချင်ကြမယ် ထင်ပါရဲ့။ ဟုတ်တယ်လေ။ ဂျက်က အထူးဧည့်သည်တော်အဖြစ်နဲ့ ရှေ့ဆုံး တန်း အလယ်ခုံကနေ တိရစ္ဆာန်ပြဇာတ်ကို ရှုစားခဲ့ရတာကိုး။ ဘွင်းဘွင်းပဲ ပြောမယ်။ အဲသည့်ပြဇာတ်ကို ဇာတ်မသိမ်းခင်ကတည်းကကို ထပြန်ချင်နေ တာ။ ဘယ့်နှယ်။ ကြည့်လို့မှ အရသာမရှိတာကိုး။

(နှစ်)

စုံနံ့သာမြိုင်တော်ကြီးထဲမှာ ပြဇာတ်ရုံကြီးတစ်ရုံ ဆောက်နေခဲ့တာ ကြာပေါ့။ ဆောက်လို့ပြီးစီးသွားခဲ့တာလည်း ကြာပေါ့။ တိရစ္ဆာန်တချို့ ပြဇာတ်ကပြဖို့ စိုင်းပြင်းနေခဲ့ကြတယ်ဆိုတဲ့ သတင်းတွေ လွင့်ပျံ့နေခဲ့တာ လည်း ကြာပေါ့။

"ဆရာကြီးဂျက် ... ပြဇာတ်က အသစ်တော့ မဟုတ်ဘူး။ ရှိပြီးသား ဇာတ်တွေကို ခေတ်အမြင် ခေတ်အတွေးနဲ့ ပြန်ကမှာ။ နယူးဗားရှင်း (New Version) ဆိုပါတော့ လာအားပေးနော်။ ဇာတ်ညွှန်းကို ကျုပ်ကိုယ်တိုင် ရေးနေတာ"

ဝံပုလွေကြီးက အနို့ကလို အားရပါးရပြောကာ တိရစ္ဆာန်ပြဇာတ်ရုံ ထဲကို ကြွလှမ်းခဲ့ဖို့ ဟိုးတော်တော် စောစောကတည်းကကိုပဲ ဂျက်ကို ဖိတ် မန္တက ပြုနေခဲ့တာလို့ ဆိုပါတော့။

ဇာတ်လမ်းအဟောင်းတွေကို ခေတ်နဲ့အညီ ပြန်ကဖို့ ဝံပုလွေကိုယ်တိုင် ဇာတ်ညွှန်းပြန်ခွဲနေတယ်ဆိုတာကြောင့် ဘယ့်နှာသို့မျှား ဆန်းသစ်တာပါလိမ့် ဆိုတဲ့ စိတ်နဲ့ သွားကြည့်ဖို့ ဂျက်ကဆုံးဖြတ်ထားခဲ့တာပါ။

အဲသမှာ တိရစ္ဆာန်ပြဇာတ်ရုံထဲက ပြန်ထွက်ပြေးချင်တဲ့ စိတ်ပေါ်ခဲ့ရ တာပါ။ တိရစ္ဆာန်တွေ ဆူသံပူသံတွေနဲ့ ကျွက်ကျွက်ညံသွားခဲ့ကြတာ ဘာ ဆန်းသလဲဗျာရယ်။
mgyoe.com

mgyoe.com

ပထမဦးဆုံး တင်ဆက်တဲ့ ပြဇာတ်က ဆဒ္ဒန်ဆင်မင်းပြဇာတ်။

(သုံး)

အများသိကြတဲ့အတိုင်း မုဆိုးကြီး ခြောက်သောင်းထဲကမှ ခေါင်းခေါက်ကာ စိတ်ကြိုက်ရွေးထားခဲ့တဲ့ ၄သောနုတ္တရ၊ ဆင်ခြေဖဝါး ထန်းပလပ်ပြားကဲ့သို့ ကြီးမားတဲ့ ခြေဖဝါးရှိတဲ့ သောနုတ္တရ၊ စာသူငယ်ကြား လင်းတနားသလို ကြီးမားတဲ့ ကိုယ်လုံးရှိတဲ့ သောနုတ္တရ၊ အလွန်ကြီးတဲ့ ဒူးဆစ်ကြီးရှိတဲ့ သောနုတ္တရ၊ ဇရပ်ဆိုး၊ ကျောင်းဆိုးလို နံရိုးအပြိုင်းပြိုင်းနဲ့ သောနုတ္တရ၊ ဖုတ်သိုက်ထုပျစ် ကောက်ကျစ်လိမ်ရှုပ်နေတဲ့ မုတ်ဆိတ်မွေးတွေနဲ့ သောနုတ္တရ၊ ပြောင်းဖူးမွေးလို နီစွေးစွေးကျင်စွယ်တွေနဲ့ သောနုတ္တရ။

အဲသည့် သောနုတ္တရမုဆိုးဟာ ဆဒ္ဒန်ဆင်မင်းကို အဆိပ်လူးထားတဲ့ မြားနဲ့ ဥမင်ပေါင်းကူးမြေကြီးကို တူးထားတဲ့နေရာက ပစ်ထည့်လိုက်တဲ့အခါ ဝမ်းဗိုက်ကနေ ကျောကိုဖောက်လို့ ကောင်းကင်ဆီ မြားအရောက်မှာ ဆင်မင်း ဒူးထောက်ကျသွားလေရဲ့။

ရှစ်ထောင်သော ဆင်အပေါင်းနဲ့ မဟာသုဘဒ္ဒါဆင်မကြီးတို့ ဆဒ္ဒန်ဆင်အနီးကခွဲခွာ ရန်သူကိုရှာဖို့ သွားစဉ်ကာလ ဆင်ကြီးက မြေကို ရှပ်ခွာလို့ မုဆိုးပေါ်လာတဲ့အခါ သင်္ကန်းရဲရဲနဲ့ ပုတီးကြီး လည်မှာဆွဲထားတဲ့အသွင်ကြောင့် မသတ်တော့ဘဲ ငါ့ကိုဘာကြောင့် သတ်သလဲ မေးရတော့တာပ။

အဲသမှာ ပြဇာတ်က နယူးဗားရှင်း (New Version) ပြောင်းသွားတာပါ။ မူရင်းမှာ အစွယ်ကိုလိုသူ မိဖုရား။ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူက ဘုရားကျွန်တော်လို့ မုဆိုးက ဝန်ခံတာပါ။ ရှင်းပါတယ်။ မိဖုရားက အစွယ်ကို ပူဆာပါတယ်တဲ့။ ဘုရင်က ဆင်ကိုသွားသတ်ဖို့ ခိုင်းပါတယ်တဲ့။ ဒါကြောင့် ကျွန်တော် လာသတ်ပါတယ်ပေါ့။

အခု ဝံပုလွေပြန်လုပ်ထားတဲ့ ဇာတ်ညွှန်းက တစ်မျိုးပါ။ မုဆိုး ဖြေချက်ပေးပုံက အသစ်။

"အဆွေဆင်မင်း မိမိသောနုတ္တရကို မည်သူကမှ မခိုင်းပါ။ မိမိတို့လူငယ်ဘာသာဘာဝ မုဆိုး သုံးလေးယောက် ထန်းရည်သောက်စဉ် အဆွေဆင်မင်းအကြောင်း စကားစပ်မိကာ ဒေါကန်လာရာက ခုလို စိတ်လိုက်မာန်ပါ

mgyoe.com

mgyoe.com

လုပ်မိကြောင်းပါ” တဲ့။

ကြည့်စမ်း။ ပြဇာတ် အဆုံးသတ်သွားပုံကလည်း အသစ်။

သုဘဒ္ဒါမိဖုရားက သူ့လင်ကာသိကရာဇ်မင်းကြီးကို စကားတစ်ခွန်းပြောပြီး အဆုံးသတ်လိုက်တဲ့ပြဇာတ်။

“ကိုကို ... ချစ်လေးတို့နဲ့ ဘာမှ မဆိုင်ဘူးနော်။ ကိုကိုနော်တဲ့”

(လေး)

စုံနံ့သာမြိုင်မှာ တင်ဆက်တဲ့ တိရစ္ဆာန်ပြဇာတ်။ ခွေးတစ်ကောင်ကြောင်တစ်မြီးကမှ ဘဝင်မကျနိုင်ကြပါဘူး။

ဇာတ်က ကိုယ်သိမ်းချင်သလို သိမ်းပစ်တဲ့ ဇာတ်ကြီးဥစ္စာ။ ။

**7Day Daily, 5.March.2017**

❒

mgyoe.com

mgyoe.com

# စုံနံ့သာမြိုင် သည်းသည်းလှုပ်

(တစ်)

အိုင်ဒေါ (Idol) ကို ဘယ်လိုဘာသာပြန်ကြမှာပါလိမ့်။ အသည်းစွဲ ဆိုတဲ့ စကားလုံးကတော့ သူသူငါငါများ ရာစုကြီးက ဘာသာပြန်လေ့ရှိကြတဲ့ စကားလုံးပေါ့။ အဲ ... တောထဲက တိရစ္ဆာန်တွေ စွတ်ရွတ်ပြီး ပြန်ထည့်လိုက်ပုံကလေးကျတော့ ဂျက်စိတ်ထဲ ကြက်ကန်းဆန်အိုးတိုးတယ်လို့ပဲ ပြောရမလား မပြောတတ်ပါဘူး။ ငြိသွားထိသွားသဗျ။ သည်းသည်းလှုပ် ဆိုလား။ ကောင်းလိုက်တာ။ တိရစ္ဆာန်အများစုရဲ့ အသည်းနှလုံးကို ဆွဲခါလှုပ်ယမ်းပစ်လိုက်နိုင်တဲ့ အနက်အဓိပ္ပာယ်မျိုးနဲ့ သည်းသည်းလှုပ်တဲ့ခင်ဗျ။ အိုင်ဒေါ (Idol)ကို ဘာသာပြန်ဆိုထည့်လိုက်တာ။ အဲသည်တော့ကာ စုံနံ့သာမြိုင် အိုင်ဒေါ (Idol)ဆိုတော့ စုံနံ့သာမြိုင် သည်းသည်းလှုပ်ပေါ့။

(နှစ်)

လူ့ရပ်လူ့ရွာမှာ အဲသည် အနီသည်းသည်းလှုပ် အိုင်ဒေါကို ရွေးတဲ့ ပွဲလုပ်တာဟာ တော်တော်ကလေး ခေတ်စားပါတယ်။ စာပေအနုပညာ အိုင်ဒေါ၊ သရုပ်ဆောင် အိုင်ဒေါ၊ တေးဂီအိုင်ဒေါဆိုတာမျိုးတွေပေါ့။

mgyoe.com

mgyoe.com

စုံနံ့သာမြိုင်က အဲဒါကို အားကျပါတယ်။ ဒါနဲ့ တောထဲမှာ စုံနံ့သာမြိုင် အိုင်ဒေါရယ်လို့ဆိုကာ လုပ်ထည့်လိုက်ပါလေရောလို့ဆိုပါတော့။ အောင်မြင်လိုက်ပုံများဆိုတာ။ တစ်တောလုံး ကျွက်ကျွက်ကို ညံလို့ပေါ့။ တိရစ္ဆာန်မျိုးစုံဟာ အဲသည် စုံနံ့သာမြိုင် အိုင်ဒေါပွဲများရှိတဲ့ရက်တွေမှာဖြင့် ကွင်းကြီးထဲမှာ ပြည့်လို့။ စင်ကြီးရဲ့ရှေ့မှာက အကဲဖြတ်ကြီးကြပ်ပေးကြတဲ့ သတ္တဝါကြီးတွေ။ ဆင်လည်းပါရဲ့။ ကျားလည်းပါရဲ့။ ခြင်္သေ့လည်းပါရဲ့။

တောမှာ ဝှဲချီးဆင်နွှဲတဲ့ပွဲက တေးဂီတ အိုင်ဒေါပွဲခင်ဗျ။ ပြိုင်ပွဲဝင်သတ္တဝါကလေးတွေက ဒိုင်တွေရဲ့ ရှေ့မှောက်မှာရှိတဲ့ စင်ပေါ်ကို တက်တက်လာပြီး သူတို့ရဲ့ အသံကလေးတွေနဲ့ ကျူးရင့်ပြကြရတာ။ အဲသဟာကို ကွင်းထဲက သတ္တဝါအပေါင်း ကြည့်ရှုလို့ကောင်းစေရန်အလို့ငှာ နံဘေးနားဆီမှာ ပရိုဂျက်တာ (Projector) ကြီးနဲ့ ထိုးပြထားလို့ပေါ့။

လူတွေလိုပါပဲ။ ဗို့တ် (Vote) လုပ်ကြရတာ။ တိရစ္ဆာန်အပေါင်းက ကိုယ်ကြိုက်တဲ့ သတ္တဝါကို လက်ကိုင်ဖုန်းကလေးတွေကတစ်ဆင့် မဲပေးကြရတာ။ ဗို့တ်များတဲ့ တိရစ္ဆာန်ကျန်ခဲ့။ ဗို့တ်နည်းတဲ့ သတ္တဝါထွက်ခွာ။ ဒါပါပဲ။

အဲသမှာ ဂျက်ကွမ်းခြံကုန်းက စုံနံ့သာမြိုင် အိုင်ဒေါပွဲကြီး ဝှဲချီးဆင်နွှဲနေတဲ့ ပွဲခင်းထဲကို တစ်ညသားမှာ ရောက်သွားခဲ့ရတာပါ။ ရောက်သွားတော့လည်း အထူးဧည့်သည်တော်ပဲပေါ့။ ကိုယ်က တိရစ္ဆာန်တွေနဲ့ ရင်းနှီးနေတဲ့ ဥစ္စာ။

## (သုံး)

စုံနံ့သာမြိုင်မှာ တေးဂီတအိုင်ဒေါပွဲကြီး ဝှဲချီးကျင်းပနေခဲ့တာ ဘယ်နှရက် ဘယ်နှလ ရှိသွားခဲ့ပြီလဲဆိုတာ ဂျက်မသိပါဘူးဗျာ။ အနို့သော် ဂျက်ရောက်သွားတဲ့ညကတော့ စင်ပေါ်မှာ သတ္တဝါလေးကောင်ပဲ ကျန်ပါတော့တယ်။ အဲသည့်ညက ဗို့တ် (Vote) နည်းသူ သတ္တဝါကလေးတစ်ကောင်ကို ဖယ်ပစ်ရမယ့်ည။

စင်ပေါ်မှာက ဥသြခင်ဗျ။ ချိုးခင်ဗျ။ ရွှေပြည်စိုးခင်ဗျ။ ကျီးကန်းခင်ဗျ။ သြော် ... အခုအချိန်အထိ ကျီးကန်းပါနေတာကို ဂျက်က အံ့သြနေမိတာ။

ထုံးစံအတိုင်း ပွဲစပြီဆိုတာနဲ့ တစ်ကောင်ပြီးတစ်ကောင် ကျူးရင့်

mgyoe.com

mgyoe.com


လိုက်ကြတာလေ။

ဥသြက လွမ်းစရာခင်ဗျ။ ဥသြ ဥသြနဲ့ တွန်ကျူးလိုက်တဲ့အသံဟာ အလွမ်းဓာတ်ခံကြီးတဲ့ သူတွေအဖို့ မျက်ရည်ပေါက်ပေါက် ကျသွားလောက်တဲ့ တင်ဆက်မှုပါ။

ချိုးငှက်ကလေးကတဲ့ရော။ ထနောင်းပင်ညီနောင်ကနေ လွမ်းအောင်ကူခွဲတတ်တဲ့ ချိုးငှက်ကလေးပဲဥစ္စာ။ တကူကူးကူး ... တကူကူးကူးရယ်လို့ ကူထည့်လိုက်တဲ့အခါ ဝေဒနာအခံနဲ့ သတ္တဝါကလေးတွေဟာ သက်ပြင်းတချချနဲ့ပေပ။

ရွှေပြည်စိုးကတော့ အသံချိုတာ။ စူးတာ။ ရွှေပြည်စိုး ... ရွှေပြည်စိုးရယ်လို့ ထုတ်ဖော်မြည်ကြွေးတဲ့ အသံဟာ ဂျန်းဂဲ (Jungle)မှာတော့ လွမ်းပွဲပဲပေါ့။

ကျီးကန်းကတော့ အသံမသာပါဘူး။ အသံဝါကြီးပါ။ အာဂလောက်အာဂလောက်ဆိုတဲ့ အသံကြီးက မလှပါဘူး။ ကျီးသာရင် ဧည့်လာတယ်ဆိုဘိလင့်ကစား သိပ်မှ အသံမချိုတဲ့ဥစ္စာ။

ထားတော့။ သူ့မှာ၊ ကိုယ့်မှာ၊ အလှသာတည့်ဆိုသလိုပါပဲ။ သတ္တဝါအသီးသီးက သူ့နည်းသူ့ဟန်နဲ့ တင်ဆက် ယှဉ်ပြိုင်သွားလိုက်ကြတာများဆိုတာ။

အဲသည့်နောက်မှာတော့ စုံနံ့သာမြိုင် အိုင်ဒေါလို့ခေါ်တဲ့ စုံနံ့သာမြိုင်သည်းသည်းလှုပ်ပွဲခင်းကြီးဟာ တိတ်ဆိတ်ငြိမ်သက်သွားလိုက်တာ။ အပ်ကျသံတောင် ကြားရမတတ်ဆိုတာ ဒါမျိုးကိုဆိုလိုတာ ထင်ပါရဲ့။ အသက်ရှူဖို့ကိုတောင်မှ မေ့လျော့လို့နေကြလေပြီလား။

ဗို့တ် (Vote)။

ဗို့တ် (Vote)။

ဗို့တ် (Vote)။

တိရစ္ဆာန်တွေက ပေးကြမယ့် ဗို့တ်လို့ခေါ်တဲ့ ဆန္ဒမဲကို ရေတွက်ဖို့ရာစောင့်စားကြရပြီမို့ အဘယ်သတ္တဝါကလေးများ ထွက်သွားကြရလေမလဲဆိုတာကို စောင့်စားခဲ့ကြရလေပြီပေါ့။

တောကြီး ဆိတ်ညံ၊ ဆီးကျုံကျုံ။

mgyoe.com

mgyoe.com


(လေး)

မအံ့သြနဲ့ခင်ဗျ။

ဂျက်က ကျီးကန်းထွက်သွားရမယ်ထင်နေတာ။ ဥသြထွက်သွားရသဗျ။ ဥသြက ဗိုတ် (Vote) အနည်းဆုံး ဖြစ်နေလို့တဲ့။ အံ့သြစရာကောင်းတာက ကျီးကန်းက ဗိုတ်အများဆုံး။

"ဘယ့်နှာကြောင့်များပါလိမ့်ဗျာ။ ကျီးကန်းက ထင်သလောက်မှ အသံမကောင်းတဲ့ ဥစ္စာ"

ဂျက်ရဲ့အမေးကို နံဘေးက သတ္တဝါတစ်ကောင်က ဖြေသဗျ။

"မဲလေ ဆရာဂျက်ရဲ့။ မဲ ... ဗိုတ် အဲဒါကို ကျီးကန်းက အများဆုံးရတာအမှန်။ တောထဲမှာ ကျီးကန်းအရေအတွက်က နည်းတာမှ မဟုတ်တာ"

ရက်စ် (Yes) လား၊ နိုး (No)လားဆိုတာကို အကောင်အရေအတွက် အနည်းအများက စကားပြောသွားခဲ့တာကိုး။ တိရစ္ဆာန်လောကသားတွေကြားမှာ အကောင်များသူတွေ စဉ်းစားဉာဏ်နည်းပါးရင် ရလဒ်အမှားတွေ ထွက်တတ်တယ်ထင်ပါရဲ့။

ရွှေပြည်စိုးရယ်၊ ချိုးရယ်၊ ကျီးကန်းရယ်မှာ ဘယ်သတ္တဝါတွေ ဆက်ထွက်သွားရဦးမယ်ဆိုတာ မသိချင်တော့ပါဘူးဗျာ ။ ။

**7Day Daily, 12.March.2017**

❒

mgyoe.com

mgyoe.com

# တိရစ္ဆာန်တွေကြားမှာ မြစ်တွေဖြတ်သွားတော့

(တစ်)

ပြဿနာကတော့ မြစ်ကစတာခင်ဗျ။ အဲ ... ဒါကြောင့် ပြဿနာဆုံးတော့လည်း မြစ်မှာပဲ ဆုံးရပေမှာပ။ အဲသည့်နေ့က တိရစ္ဆာန်တွေ တိရစ္ဆာန်တွေဆိုတာ မြစ်ဘေးမှာ ရုတ်ရုတ်ရက်ရက်နဲ့ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်လို့။

အများသိကြတဲ့အတိုင်း တိရစ္ဆာန်ပေါင်းစုံတို့ စုပြုံတိုးဝှေ့ နေထိုင်ကြရာ စုံနံ့သာမြိုင်တောကြီးထဲမှာက မြစ်ပေါက်စကလေးတစ်စင်းက ဖြတ်ပြီး စီးဆင်းနေခဲ့တယ် မဟုတ်လား။ စုံနံ့သာမြိုင်ကို ဖြတ်ပြီးစီးတယ်ဆိုတော့ စုံနံ့သာမြိုင် မြစ်ပဲပေါ့။ ရေကလည်း ကြည်လင်ပါရဲ့။ အဲသည့်မြစ်ဘေးမှာ တိရစ္ဆာန်တွေ စုပြုံအုံခဲနေကြတာ။

စုံနံ့သာမြိုင်မြစ်မဟာ အသက်ရှိ မရှိတဲ့။ အဲဒါကို စမ်းမှာတဲ့။ အဖြေရှာမှာတဲ့။ အဖြေထုတ်မှာတဲ့။

ဇီးကွက်ကြီးကတော့ တော်တော့ကို မျက်စိမျက်နှာ ပျက်နေတာပါ။ တစ်တောလုံးလိုလိုက သူ့ကို ရှုတ်ချသလို မျက်နှာပေးတွေနဲ့ကိုး။

အခုရက်တွေထဲမှာ သူက မြစ်တွေဟာ အသက်ရှိတဲ့အကြောင်း၊ ပြုစုစောင့်ရှောက်ရတဲ့အကြောင်း၊ မဟုတ်ရင် သေဆုံးသွားတတ်တဲ့အကြောင်း၊

mgyoe.com

mgyoe.com

မြစ်ဟာလည်း လူပုဂ္ဂိုလ်တစ်ယောက်ပဲ ဖြစ်တဲ့အကြောင်းတွေကို တောထဲမှာ၊ ရောက်လေရာမှာ ပြောနေခဲ့တာကိုး။

အဲသမှာ မခံချင်တဲ့ တိရစ္ဆာန်တွေနဲ့တွေ့ပြီး လာခဲ့ ... မြစ်ဟာ သက်ရှိပုဂ္ဂိုလ် ဟုတ်၊ မဟုတ် စမ်းမယ်ဘာမယ် ဆိုတာတွေဖြစ်ပြီး ဒီးကွက်ကြီးကို စုံနံ့သာမြိုင်မြစ်ဘေးကို ခေါ်ချလာခဲ့ကြတာပါ။ နေရာတကာ စပ်စပ်စုစု လုပ်ချင်တဲ့ တိရစ္ဆာန်တွေကလည်း နောက်နားကနေ ရုံးရုံးရုံးရုံးနဲ့ ပါလာကြရာက မြစ်ဘေးမှာ အုန်းအုန်းအုန်းအုန်း ဖြစ်ကုန်ကြတာပါ။

(နှစ်)

ဒီးကွက်က မျက်စိကြီးပါတယ်။ သည်တော့ ဟိုဟိုသည်သည်ကလေးတွေလည်း စေ့စေ့စပ်စပ် ကြည့်ရှု လေ့လာသမှုပြုတတ်ပါတယ်။

အဲသမှာ မြစ်ကို လူလို့ သတ်မှတ်တယ်ဆိုတာကို သွားတွေ့ပုံ ရပါတယ်။

ဖြစ်တာက နယူးဇီလန် (New Zealand) မှာဖြစ်တာ။ နယူးဇီလန်မှာ မိုင် ၁၈၀ လောက်ရှည်တဲ့ မြစ်ကြီးတစ်စင်း ရှိတယ်ဆိုလား။ မြစ်နာမည်က ဝမ်ဂါနူအီဆိုလား။ Whanganui လို့လည်း စာလုံးပေါင်းရဲ့ Wanganui လို့လည်း စာလုံးပေါင်းရဲ့။ တွန်ဂါရီရို (Tongariro) ဆိုတဲ့ တောင်ကြီးဆီကနေ စပြီး စီးဆင်းသွားလိုက်တာ ပင်လယ်ထဲ ရောက်တဲ့အထိ။

အဲဒါ ဒေသခံ မာအိုရီတိုင်းရင်းသားတွေက မြစ်ကြီးကို ပစ်မထားဖို့၊ မြစ်ကြီးကို လူလိုသဘောထားဖို့၊ မြစ်ကြီးအသက်ရှည်အောင် ပြုစုစောင့်ရှောက်ဖို့ဆိုပြီး အမှုဖြစ်နေခဲ့တာ ၁၈၇၀ ပြည့်နှစ် ကတည်းကတဲ့ခင်ဗျ။

ဟော အခု ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက် အမှုပြီးပြီ။ နယူးဇီလန်ပါလီမန်က ဝမ်ဂါနူအီမြစ်ကို လူပုဂ္ဂိုလ်အဖြစ် သတ်မှတ်လိုက်ပြီတဲ့ခင်ဗျ။ မြစ်မှာ ရပိုင်ခွင့်တွေရှိလာပါပြီတဲ့။ မြစ်က ထမ်းဆောင်ရမယ့် တာဝန်တွေလည်း ရှိလာပါပြီတဲ့။ မြစ်ကနေ ပေးရမယ့်တာဝန်တွေလည်း ရှိလာပါပြီတဲ့။

ဝမ်ဂါနူအီမြစ်ကြီး ကျန်းမာဝဖြိုး အလှတိုးစေဖို့ရာ ပြုစုယုယ ဖြိုးလိမ်းပြင်ဆင် ပြုပြင်နိုင်ဖို့ ရပိုင်ခွင့်အဖြစ် ချပေးလိုက်တာ အမေရိကန်ဒေါ်လာ သန်းသုံးဆယ်တဲ့ ခင်ဗျ။ တရားရင်ဆိုင်လာခဲ့ရတဲ့ စရိတ်အတွက် လျော်

mgyoe.com

ကြေးက ဒေါ်လာ ငါးဆယ့်ခြောက်သန်းတဲ့။

"မြစ်ဟာလည်း လူပဲကွ။ သတ္တဝါပဲ။ ပစ်မထားရဘူး။ ကျန်းမာရေး အဆိုးအကောင်း ရှိမှာပဲ။ ပြုစုရတယ်။ စောင့်ရှောက်ရတယ်။ သောင်တွေ ထွန်း ကမ်းတွေပြို ရေစီးရေလာညံ့ အမှိုက်တွေ သရိုက်တွေနဲ့ ရေကညစ်ပတ် ကောတဲ့နေရာကကော မြစ်တွေ သေတတ်တယ်။ အသက်တိုတတ်တယ် မှတ်" တဲ့။

အဲသည့်လိုမျိုး စကားတွေကို ဖိုးကွက်က သူသိထားတဲ့ ဗဟုသုတ အခြေခံကလေးတွေနဲ့ စုံနံ့သာမြိုင်ထဲမှာ ရောက်လေရာ လျှောက်ပြောတာ။ အဲသမှာ တိရစ္ဆာန်တွေနဲ့ ပြဿနာတက်တာ။

"ဒီမှာ ... အန်ကယ်ဖိုးကွက် ခင်ဗျားစကားတွေ နားကြားပြင်းကတ် တယ်။ မြစ်က ဘယ့်နှာလုပ် လူပုဂ္ဂိုလ်ဖြစ်ရမှာတုံး။ လာ ... စုံနံ့သာမြိုင် မြစ်နားကို အခုသွားမယ်"

ဓာတ်အသွားကို တတ်အားသမျှ ချုံ့ကြပါစို့ရဲ့။ အနို့ကလိုခဲ့ကြတော့ တာပါ။

(သုံး)

"ကဲ ... ကျုပ်တို့က မြစ်ကို နာမည်တပ်ပြီး သုံးကြိမ်ခေါ်မယ်။ အသက်ရှိတယ်ဆိုရင် ပြန်ထူးရမယ်။ မထူးရင် ခင်ဗျားအရှုံးပဲ။ ဟုတ်ပြီနော်"

ဝံပုလွေရယ်၊ ခွေးအရယ်၊ မြေခွေးရယ်၊ ကြံ့ရယ်၊ ဖွတ်ရယ် သတ္တဝါ တွေက အနို့ကလို စိန်ခေါ်တာခင်ဗျ။ ခေါ်တဲ့အတိုင်းလည်း မြစ်ကြီးကို နာမည်တပ်တပ်ပြီး ခေါ်ကြတော့တာပေါ့။

"စုံနံ့သာမြိုင်မြစ်ရေ၊ စုံနံ့သာမြိုင်မြစ်ရေ" ပေါ့။

ဘယ်မှာ ထူးပါလိမ့်မလဲ။ တိရစ္ဆာန်တွေက ဖိုးကွက်ကြီးကို လှမ်း ကြည့်ပြီး ပြုံးစိပြုံးစိနဲ့။ မြစ်ရေစပ်စပ်မှာ ရေကိုငုံ့သောက်ရင်း အီအီးတွေ တပြွတ်ပြွတ်ပါချနေတဲ့ နွားကြီးကလည်း ဖိုးကွက်ကို လှမ်းကြည့်လို့။ ငှက် ပျောသီးစားလိုက် ငှက်ပျောခွံတွေကို မြစ်ထဲပစ်ချလိုက် လုပ်နေတဲ့ မျောက် တွေကလည်း ဖိုးကွက်ကို လှမ်းကြည့်လို့။

"မြစ်ကို လူလို့သတ်မှတ်တယ်ဆိုတာ အလုပ်မရှိ၊ အကိုင်မရှိ ရှုးနေ

mgyoe.com

mgyoe.com


တဲ့လူတွေ လုပ်တာ။ တောမှာ ဒါမျိုးလာမလုပ်နဲ့ မရဘူး"

ဖွတ်ကြီးက သို့ကလို ခပ်ကြမ်းကြမ်းပြောတဲ့အခါ ဇီးကွက်ကြီး ငြိမ်ကျသွားရှာပါတယ်။ မငြိမ်လို့ကလည်း မရနိုင်ဘူးလေ။ မြစ်ကို လူလိုပဲ တန်ဖိုးထားရမယ်ဆိုတာ လူတွေအရပ်မှာပဲ နားလည်နိုင်မှာလေ။ အခုဟာက တိရစ္ဆာန်အရပ်မှာ ဥစ္စာ။ ။

**7Day Daily, 19.March.2017**

❒

mgyoe.com

mgyoe.com

# လာချင်တဲ့အကောင် လက်ညှိုးထောင်

(တစ်)

အဲသည့်နေ့က ဂျက်ကို ဝန်းရံထားတဲ့ တိရစ္ဆာန်တွေက လေးငါး ခြောက်ကောင်လောက်တော့ ရှိမဗျ။ ဂျက်က အလယ်မှာဆိုတော့ သူ့ထက်ငါ အတင်းတိုးဝေ့ပြီး ကြည့်ဖို့လုပ်တဲ့အခါ ဖြည်းဖြည်းဆေးဆေး လုပ်ကြပါဟ လို့တောင် ပြောယူရပါတယ်။ မြေခွေးလည်း ပါတာပေါ့။ ခွေးအလည်း ပါတာပေါ့။ ဝံပုလွေလည်း ပါတာပေါ့။ ကျားတောင်မှ ပါလိုက်သေး။ ဂျက် ရိုက်ထားတဲ့ ဗွီဒီယို (Video) ကို အလုအယက် တိုးဝှေ့ကြည့်နေကြတာ။

ဘယ်က ရုပ်ရှင်ဇာတ်ကား ဖြစ်ရမှာတဲ့တုံး။ ဂျက်က ဒါရိုက်တာမှ မဟုတ်တဲ့ဟာကို။ သတင်းခင်ဗျ။ သွားရင်းလာရင်းနဲ့ စိတ်ဝင်စားစရာ သတင်းကလေးတွေ တွေ့တဲ့အခါ ဂျက်က ဂျက်ရဲ့ လက်ကိုင်ဖုန်းပေါက်စ ကလေးနဲ့ ဗွီဒီယိုဖိုင် (Video File)ကလေးနဲ့ မှတ်တမ်းတင်ပြီး ရိုက်နှိပ်ထား တာ။ စိတ်ဝင်စားတဲ့ သတ္တဝါတွေနဲ့ တွေ့တဲ့အခါ ဖွင့်ဖွင့်ပြီးပြတော့ ကြည့်ကြ ရဖို့ ဆိုတဲ့ စိတ်ကူးကလေးနဲ့ပေါ့။

အခုလည်း အနို့ကလို သို့ကလိုမျိုး လက်ကိုင်ဖုန်းထဲက ဗွီဒီယိုဖိုင် ကလေးကို ဖွင့်ပြမိတာကို တိရစ္ဆာန်တွေက တိုးဝှေ့ကြည့်နေကြတာပါ။

mgyoe.com

mgyoe.com


မြင်ကွင်းက လူတွေတိုးဝှေ့ စုပြုံအုံခဲနေကြတဲ့ မြင်ကွင်းခင်ဗျ။ အကုန်လုံး လူငယ်တွေချည်းပဲ။ ဟော့ ကြားမဖြတ်နဲ့ကွတို့၊ တန်းစီကြလေကွာတို့၊ အဲသည့်ကောင်ကို ဆွဲထုတ်လိုက်တို့၊ မထူးဘူး ချကွာတို့ ဆိုတဲ့အသံတွေက ပွက်ပွက်ကိုညံလို့။ တွန်းကြ၊ တိုးကြ၊ အော်ကြ၊ ဟစ်ကြ၊ တိုင်းကြ၊ ထွာကြ၊ ဆဲကြ၊ ဆိုကြ။ နေရောင်က စပ်ဖြဲဖြဲ။ ချွေးတွေက စိုရွှဲရွှဲ။ သူ့ထက်ငါ လျှောက်လွှာရဖို့ ကြိုးစားနေကြတဲ့ မြင်ကွင်း။

"အဲသဟာက ဘဇာလျှောက်လွှာမို့ အနို့ကလို သဲကြီးမဲကြီး လုယက်တိုးဝှေ့ ဝယ်နေကြတာတဲ့တုံးဗျာ"

"ဩော် ... အဆွေဝံပုလွေငဲ့ တောင်ကိုရီးယားကိုသွားပြီး အလုပ်လုပ်ဖို့ အဲသဟာ လျှောက်လွှာဝယ်နေကြတာ၊ မရမှာ ကြောက်လို့၊ မသွားရမှာကြောက်လို့ ဟောကြည့် ... ရန်ဖြစ်ကြပြီ"

ဟုတ်ပ။ ဝံပုလွေရဲ့ အမေးစကားကို ဂျက်က ဖြေကြားဆဲတန်းလန်းမှာပဲ လူငယ်သုံးလေးယောက် ထိုးမယ်ကြိတ်မယ်ဆိုတဲ့ ဟန်မျိုးတွေနဲ့ ရန်ဖြစ်နေတဲ့ အရုပ်တွေက လက်ကိုင်ဖုန်းမှန်သားပြင်မှာ ပေါ်လာကြပြန်တာမို့ တိရစ္ဆာန်တွေ ကြည့်နေကြပြန်ပါရဲ့။

"နေဦး ... နောက်ထပ် မြင်ကွင်းတစ်ခု ပြဦးမယ်"

ဂျက်လည်း ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာပြန်တာမို့ ဖုန်းထဲက နောက်ထပ် ဗွီဒီယိုဖိုင်တစ်ခုကို ရှာရပြန်ပါရဲ့။

(နှစ်)

နောက်တစ်ခါ ဂျက်ဖွင့်ထည့်လိုက်တဲ့ ဗွီဒီယိုဖိုင်ကလည်း တန်းစီနေတဲ့ အရုပ်တွေပါပဲ။ အဝတ်တွေ၊ အစားတွေကလည်း နွမ်းနွမ်း၊ မျက်နှာသွင်ပြင်တွေကလည်း နွမ်းနွမ်း၊ ခရီးဆောင်အိတ်တွေကလည်း နွမ်းနွမ်းနဲ့။ အကုန်လုံး လူငယ်ကလေးတွေ။

နေရာက နယ်စပ်တစ်နေရာ ခင်ဗျ။ တစ်ဖက်နိုင်ငံက ဝန်ထမ်းတွေက ဝတ်စုံအပြည့်နဲ့ စစ်ဆေးမေးမြန်း ရှာဖွေသမှု စိတ်ကျေနပ်အောင် ပြုပြီးတော့မှ သူတို့နိုင်ငံထဲကို အလုပ်ဝင်လုပ်ခွင့် ပေးနေတဲ့ မြင်ကွင်း။ အဝင်မခံမှာစိုးလို့ မျက်နှာကလေးတွေ အောက်ချကာ အသနားခံတဲ့ မျက်လုံးကလေးတွေနဲ့

mgyoe.com

mgyoe.com
လူတန်းရှည်ကြီးဟာ နည်းတဲ့အရေအတွက်မှ မဟုတ်တာကလား။ ရွေ့ရွေ့ ရွေ့ရွေ့နဲ့။

"အဲသဟာက ဘာအတွက်"

"ဟိုဘက်နိုင်ငံထဲကို အလုပ်သွားလုပ်မယ့်သူတွေ။ အဲဒါ နေ့စဉ် မြင်ကွင်း"

ဂျက်ရဲ့ လက်ကိုင်ဖုန်းထဲက အရုပ်တွေကိုကြည့်ကာ တိရစ္ဆာန်တစ်စု အံ့သြသမှုတွေဖြစ်လို့။

(သုံး)

စုံနံ့သာမြိုင်ထဲက တိရစ္ဆာန်တွေ ဘယ့်နှာသို့ ဇာတိမာန်တက်ကြွသွား လေတယ် မဆိုတတ်ဘူးခင်ဗျ။

တောစပ်မှာ ဂိတ် (Gate) ကြီးတစ်ခုဆောက်လို့။ ခြသေ့်သုံးလေး ကောင်က ဝတ်စုံတွေ ဘာတွေနဲ့။

ဂိတ်ပေါက်ဝနံဘေးနားမှာ ကြော်ငြာသင်ပုန်းကြီး တစ်ချပ်ကလည်း ထောင်လို့။ ခေါင်းစီးက အားလုံးသိရန်တဲ့။ ဘာမျှားပါလိမ့်။

"တောတွင်း၌ အခြေချ နေထိုင်လိုသူ၊ တောတွင်း၌ အလုပ်လုပ်လိုသူ၊ မည်သည့်လူမဆို ဤနေရာတွင် စာရင်းပေးသွင်း၍ ဝင်ရောက်နိုင်ပြီ"တဲ့။

ကောင်းဗျာ။ ဆိုင်းဘုတ်ကြီးကသာ ထောင်ထားတာ။ လူဝင်လူထွက် က တစ်ဦးတစ်ယောက်မှ မရှိ။

"ဆရာကြီးဂျက် ဂိတ်ဖွင့်တာ တစ်လပြည့်တော့မယ်။ အဘယ်လူသား မှ မလာရောက်ဘူးဗျ"

ခြသေ့်က သွားကြားမှာ ညပ်နေတဲ့ အသားဖတ်ကို သွားကြားထိုးတံနဲ့ ကလော်ထုတ်နေရင်းကနေ သို့ကလို ရင်ဖွင့်လေသဗျ။ ဝိုင်း (Why) ဆရာ ဂျက်လို့လည်း ဘာဇာကြောင့်ဆိုတာကို မေးလာပါသေးသဗျ။

"ဩော် ... ရှင်းရှင်းလေးဥစ္စာဗျာ။ လူတွေဟာ သူတို့နေရာထက် ပိုကောင်းမယ်ထင်တဲ့နေရာကိုပဲ သွားမှာပေါ့။ ကြီးနိုင်ငယ်ညှဉ်း ဥပဒေမဲ့ တွေ့ရာအိပ် တွေ့ရာစား အိပ် စား ကာမ ထိုသုံးဝနဲ့ လည်ပတ်နေတဲ့ ရိပ်မြုံ ရှိရာကို ဘယ်သူက လာချင်မှာတုံး"
mgyoe.com

mgyoe.com

ခြသေ့် နည်းနည်းကလေး ငိုင်တွေတွေ ဖြစ်သွားတုန်းမှာ ဂျက်ဆရာက ဆက်ကာ ပြောမိပြန်ပါတယ်။

"လူတွေကိုထားလိုက်။ လူတွေဆီရောက်နေတဲ့ တိရစ္ဆာန်တွေကရော ပြန်လာချင်မယ်ထင်လို့လား"

ဟုတ်တယ်လေ။ တိရစ္ဆာန်အစားအစာနဲ့ တိရစ္ဆာန်ဆေးကုခန်းနဲ့၊ တိရစ္ဆာန်အိမ်နဲ့၊ တိရစ္ဆာန်ရေချိုးခန်းနဲ့၊ တိရစ္ဆာန်ဆပ်ပြာနဲ့နေတဲ့ ခွေးကအစ စုံနံ့သာမြိုင်မှာ ပြန်လာနေချင်ပါ့မလား။ ဝေးပါရဲ့။ မိုင်ပေါင်း သိန်းသန်း ကုဋေ ကုဋာ ။ ။

**7Day Daily, 26.March.2017**

❒

mgyoe.com

mgyoe.com

# တောရဲ့အမှတ်တံဆိပ်

(တစ်)

စားပွဲမှာ ဝိုင်းထိုင်နေကြတဲ့ လူတွေ ပြိုင်တူဆိုသလို ရေရွတ်မြည်တမ်းလိုက်မိတဲ့ စကားလုံးက ဟောဗျာဆိုတဲ့ စကားလုံးကလေးပေသာပ။ ဟုတ်ပ။ စုံနံ့သာမြိုင်တောကြီးထဲက စားပွဲဝိုင်းဝိုင်းကြီးမှာ စုဝေးပြီး ထိုင်နေကြတဲ့ လူတွေဟာ လေးငါးခြောက်ဦးလောက်တော့ ရှိမှာပ။ အကုန်လုံး ပန်းချီ၊ ဒီဇိုင်းပညာရှင်တွေချည်းပဲ။ လိုဂို (Logo) တို့၊ အမှတ်တံဆိပ် (Brand) တို့ရဲ့ အကြောင်းကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ပါတယ်ဆိုတဲ့ လူတွေပဲပေါ့။ အခု ... အဲသည့်လူတွေက ဟောဗျာဆိုပြီး ဖြစ်ကုန်ကြတာပါ။

သူတို့ လေးငါးခြောက်ယောက် ဝိုင်းထိုင်နေတဲ့ စားပွဲပေါ်မှာက ပြိုင်ပွဲဝင် အမှတ်တံဆိပ်လိုဂို (Logo) စာရွက်ကလေးတစ်ရွက်။ စက္ကူအဖြူသားပေါ်မှာ မင်အနက်နဲ့ ထင်းနေအောင် ဆွဲထားတာ။ တိရစ္ဆာန်တို့ စုပေါင်းနေထိုင်ကြရာ စုံနံ့သာမြိုင်တောကြီးကို ကိုယ်စားပြုတဲ့ အရုပ်။

ငှက်ပျောသီးပုံကလေးခင်ဗျ။ အခွံကလေးကို တစ်ဝက်တစ်ပျက် နွှာထားတဲ့ပုံ။ ပုံကို တင်သွင်းတဲ့ သတ္တဝါက မျောက်ညိုကြီးတစ်ကောင်။

mgyoe.com

mgyoe.com

ကြာတော့ ကြာပါပြီ။ စုံနံ့သာမြိုင်တောကြီးထဲက သတ္တဝါတွေက သူတို့ရဲ့တောကို ကိုယ်စားပြုတဲ့ အမှတ်တံဆိပ် သင်္ကေတ အရုပ်ကလေး တစ်ရုပ် ရှိခဲ့ရင်ကောင်းမှာလို့ တောင့်တနေခဲ့ကြတာ။

ဒါနဲ့ တိုတိုပြောရရင် တောထဲမှာ တောလုံးအနှံ့ မောင်းကြေးနင်းခတ်လို့ ကြေညာကာ စုံနံ့သာမြိုင်တောအတွင်းမှာရှိတဲ့ အဘယ်မည်သော တိရစ္ဆာန်မဆို စိတ်ပါဝင်စားတဲ့ သတ္တဝါတိုင်း တောရဲ့အမှတ်တံဆိပ်၊ တောရဲ့ လိုဂို (Logo)ကို ရေးဆွဲကာ ပေးပို့ပြိုင်ပွဲဝင်နိုင်ပါကြောင်းနဲ့ ရွေးချယ်သမှု အပြုခံရတဲ့ လက်ရာရှင်သတ္တဝါကို ထိုက်တန်စွာ ချီးမြှင့်မြှောက်စားမယ့် အကြောင်းကိုလည်း ထပ်ဆင့်လို့ အသိပေးလိုက်တဲ့အခါ အနှံ့နှံ့ယ် ထို့နှယ် သော ရုပ်ပုံဒီဇိုင်းအသီးသီးက ရောက်ရှိလို့ လာခဲ့တာပါ။

သိတော်မူကြတဲ့အတိုင်း ဒိုင်လို့ခေါ်တဲ့ အကဲဖြတ်ရွေးချယ်သမှု ပြုပေးမယ့်သူတွေကတော့ လူတွေပဲပေါ့။ မေတ္တာနဲ့ အကူအညီပေးကြတဲ့သူတွေပါ။

အဲ ... အခု ပြိုင်ပွဲဝင်ပုံတွေထဲက တစ်ပုံကို စပြီးဖွင့်ဖောက်လို့ ကြည့်လိုက်တဲ့အခါ ခုနကပြောတဲ့ အခွံနွှာထားတဲ့ ငှက်ပျောသီးပုံကလေး တက်လာတာပါ။ လက်ရာရှင် မျောက်ညို။

ဒိုင်လူကြီးလုပ်သူ လူသားတစ်စု တွန့်သွားကြပေတာပ။

“ဘယ့်နှာ ... တောရဲ့ ဂုဏ်ဆောင် အမှတ်အသားပြု လိုဂိုတံဆိပ်က ငှက်ပျောသီးရယ်လို့” တစ်သံတည်း ထွက်လာလိုက်ကြတာ။

(နှစ်)

လေကလေးဝေ့ကာ ဝိုက်ကာ တိုက်ပြီး သစ်ရွက်ခြောက်ကလေးတွေ တဖြုတ်ဖြုတ်ကြွေနေတဲ့ နွေဦးရဲ့ နံနက်ခင်းကလေးမှာ အကဲဖြတ်ဒိုင်လုပ် လာလုပ်ပေးကြတဲ့ လူတွေဟာ နောက်ထပ်ပြိုင်ပွဲဝင် လိုဂိုအမှတ်တံဆိပ် တစ်ခုကို အိတ်ကြီးထဲကနေ ထုတ်လိုက်ကြပြန်ပါတယ်။

“သောက်ပလုတ်တုတ်” တဲ့။

ကြည့်ပါဦး။ သူတို့ အာမေဍိတ်က ကမ္ဘာမြေထိတ်သွားရမယ့် အသံမျိုး။ ပြိုင်တူ။ စာရွက်အဖြူပေါ်က အရုပ်ကို ဝိုင်းကြည့်လို့။

မုန်လာဥ ပုံကြီးခင်ဗျ။ ရေးဆွဲတင်သွင်းသူ ယုန်ကလေးဖိုးဖြူတဲ့။

mgyoe.com

mgyoe.com

ဘယ့်နှာသို့ စိတ်ကူးပါလိမ့်။ စုံနံ့သာမြိုင်တောရဲ့ အမှတ်သင်္ကေတက မုန်လာဥတဲ့။

အနို့နဲ့ ဆုရွေးချယ်သူ လူတစ်စုဟာ နောက်ထပ် ပြိုင်ပွဲဝင် အရုပ်တစ်ခုကို စာအိတ်ကြီးထဲကနေ ထုတ်ပြီးတဲ့ သက္ကာလ စားပွဲဝိုင်းပေါ်မှာ ချထားလိုက်ပြန်ပါတယ်။

"ဟိုက် ... သောက်ကျိုးနည်း"

ဟုတ်ပ။ အဘယ်သတ္တဝါရဲ့ လက်ရာပါလိမ့်လို့ ကြည့်လိုက်တော့ ဆင်ကလေးဆဒ္ဒန်ရဂုံရဲ့ ပြိုင်ပွဲဝင်လိုဂို။ ကြံသုံးလေးချောင်းကို စည်းနှောင်ထားတဲ့ပုံ။

စိတ်ပျက်တက်တက်ဖြစ်နေတဲ့ လူတွေဟာ ပုံတွေကို ဆက်ကာ ဆက်ကာ ထုတ်လို့ကြည့်လိုက်ကြတဲ့အခါ အသားတစ်ကြီးတစ်တုံးကို ဆွဲထားတာက ဝံပုလွေရဲ့ လက်ရာ၊ နွားကလေးတစ်ကောင်ရဲ့ နောက်ခြေတစ်ချောင်းကို ဆွဲထားတာက မိကျောင်းရဲ့ လက်ရာ၊ သမင်ကလေးရဲ့ ခေါင်းပြတ်ကို ဆွဲထားတာက မြေခွေးရဲ့လက်ရာ။

ပုံအားလုံးကို လူတွေ ခံတွင်းမတွေ့ကြလေဘူး ခင်ဗျ။

(သုံး)

တောသတ္တဝါပေါင်းစုံ ဝိုင်းအုံကာ ကြည့်နေကြတဲ့ စားပွဲဝိုင်းကနေ လူတစ်ယောက် မတ်တတ်ထရပ်ပါတယ်။ လူအားလုံးကို ကိုယ်စားပြုကာ သူ့ဆန္ဒကို အကြံပြုပါတယ်။

"ဒီလိုပါ ... ဒေသတစ်ခုရဲ့ ကိုယ်စားပြု လိုဂိုသင်္ကေတ ကလေးဟာ ချစ်ခင်မြတ်နိုးစရာဆိုရင် ပိုကောင်းပါတယ်။ ဥပမာ ... ချယ်ရီပန်းကလေး၊ ဥပမာ ... စွယ်တော်ရွက်ကလေး၊ ဥပမာ ... ကံ့ကော်ပွင့်ကလေး၊ ဥပမာ ... တောင်ကြီးတစ်တောင်"

လူသားရဲ့စကားက မဆုံးပါဘူးခင်ဗျ။ တိရစ္ဆာန်တွေထဲကနေ အသံတွေ ထွက်လာပါတယ်။

"ဟော့လူတွေ အဲဒါတွေက စားလို့ရလို့လားဗျ" တဲ့။

ဟုတ်ပ။ တောက တစ်ခဏ တိတ်ဆိတ်သွားပါတယ်။ လူတွေ အဖြေ

mgyoe.com

mgyoe.com

ရ ခက်သွားပုံထင့်။ ချယ်ရီတို့၊ ကံ့ကော်တို့၊ စွယ်တော်တို့၊ တောင်တို့၊ မြစ်တို့၊ နေတို့၊ လတို့၊ ကြယ်တို့၊ တာရာတို့က စားလို့ရလို့လားတဲ့။ ဒါတော့ ဟုတ်တယ်။

တိရစ္ဆာန်ကလေးတွေ အကြိုက်က ကြံ၊ မုန်လာ၊ ငှက်ပျော၊ နွားပေါင်၊ သမင်ခေါင်း၊ ဒရယ်သား၊ ဆတ်သား၊ ချေသား၊ ဆိတ်သား။

လူတွေက ဘာမှ လုပ်မရတာတွေကို သွားပြီး မြတ်နိုးနေကြတယ်။

အဲသမှာ တိရစ္ဆာန်တွေရဲ့ လက်ရာကို သဘာမပေါက်နိုင်ဘူးဖြစ်နေကြတာ။

တောတံဆိပ်က လူတွေရဲ့ စိတ်နဲ့ ရွေးလို့ အလုပ်မဖြစ်နိုင်ပါဘူးလေ။ ။

**7Day Daily, 2.April.2017**

❒

mgyoe.com

mgyoe.com

# အယုတ္တ အနတ္တ စုံတောမြိုင်

(တစ်)

စုံနံ့သာမြိုင်တောကြီးထဲမှာ ချိုးငှက်ကလေးကလည်း Facebook သုံးသဗျ။

တစ်ရက်တော့ အဲသည့်ချိုးငှက်အဖိုကလေးက သူ့ချစ်သူ ချိုးမကလေးနဲ့အတူ ထနောင်းပင်ကလေး တစ်ပင်မှာ ခဏတာ နားခိုလိုက်လို့ နေပါလေရော။ ကြည်နူးလွန်းလို့ ထင်ပါရဲ့ ချိုးမကလေးက ကူထည့်လိုက်ပါရဲ့။ တကူကူးကူးဆိုတဲ့ လွမ်းစရာ့အသံကလေးနဲ့ပေါ့။ အဲသမှာ ချိုးငှက်အဖိုကလေးက ကြည်နူးစရာ့မြင်ကွင်းကလေးကို မှတ်တမ်းတင်ချင်လွန်းရှာတာနဲ့ လက်ကိုင်ဖုန်းကလေးနဲ့ ဆယ်လ်ဖီ (Selfie) ရိုက်ထည့်လိုက်ပါရော။ ပြီးတော့ ထုံးစံအတိုင်း ပို့စ် (Post) တင်လိုက်တာပေါ့။

အဲသမှာ ကွန်မင့်(Comment)ဝင်လာတော့တာပါ။ အဘယ်သတ္တဝါ ရှိရမှာတုံး။ ဖွတ်ကြီး။ အမြဲတမ်း သူများတကာ သတ္တဝါအသီးသီးရဲ့ Facebook စာမျက်နှာပေါ်က ဓာတ်ပုံတွေ၊ စာတွေကို ကွန်မင့်ဝင်ဝင်ပြီးရေးနေတဲ့ သတ္တဝါ။

အခုလည်း ချိုးငှက်ကလေးက ဓာတ်ပုံလေးနဲ့တွဲပြီး ကဗျာကိုပါ တင်ထားခဲ့တာပါ။

mgyoe.com

mgyoe.com


ချိုးနှစ်ကောင်
ထနောင်းပင်ညီနောင်က
လွမ်းအောင်ကူချွဲ။

ပန်းတော်ဖြူ
ပင်မြက်နေစာထူလှတယ်
ဖိုးတောင်သူ့တဲ။

အဲသလိုမျိုး ကဗျာကလေးနဲ့ ကြည့်ရှုသူ လွမ်းမောဖွယ်ရာ တင်ထားခဲ့တဲ့ ပို့စ်။ အဲဒါကို ဖွတ်က ကွန်မင့်ဝင်ရေးတာ။

ဘာလွမ်းအောင် ကူချွဲရမှာတဲ့တုံး။ ချိုးသံကို ပုဆိုးလှန်ပြလိုက်ချင်တာ။ ချိုးသားဆိုတာ ထန်းရည်ခါးနဲ့ လိုက်ဖက်လွန်းလို့ ဘယ်အကောင်ကမှ လွမ်းမနေဘူး။ ကိုယ့်ကိုယ်ကိုယ် အဆွေးဘုရင်လိုလို၊ တေးသခင်လိုလို လုပ်မနေနဲ့။ ရှားမီးရဲရဲထဲမှာ ရင်ခွဲပြီး အကင်ခံရမယ့် သောက်ရူးငှက်တဲ့။

Facebook သုံးတဲ့ တိရစ္ဆာန်တွေ ဖွတ်ကြီးရဲ့ ကွန်မင့်ကို ဖတ်ပြီး စိတ်ရှုပ်သွားကြလေသဗျ။

(နှစ်)

ဖွတ်ကြီးရဲ့ ကွန်မင့် ရေးသားချက်တွေကို ပျစ်ပျစ်နှစ်နှစ်ခံရတဲ့ အထဲမှာ ကြက်တူရွေးငှက်ကြီးလည်း ပါတာပ။

ကြက်တူရွေးငှက်ကြီးက သဘာဝတောတောင်ရှုခင်းတွေကို ခရေဇီ (Crazy)ဖြစ်တဲ့ငှက်။ အဲဒါ တစ်ရက် ပန်းမျိုးစုံကြားမှာ ငှက်မျိုးစုံ လူးလာတုံ့ခေါက် ပျံဝဲနေတဲ့ ရှုခင်းအလှကလေးကို လက်ကိုင်ဖုန်းကလေးနဲ့ ဓာတ်ပုံရိုက်ယူကာ ကဗျာကလေးနဲ့ တွဲယှဉ်လို့ ပို့စ်တင်လိုက်ပါလေရော။

တောင်တောရယ်သာ
မာလာက ငုံဖူး။

mgyoe.com

mgyoe.com


တစ်ပင်ကို နှစ်ပင်ယှက်တယ်
ကျေးငှက်ကမြူး။

အဲသဟာကို ဖွတ်က ကွန်မင့်ဝင်ရေးသဗျ။ ပန်းတွေ စုံရဲ့လားတဲ့။ ရွှေပန်းပါရဲ့လားတဲ့။ မြူးနေတဲ့ ကျေးငှက်တွေထဲမှာ လင်းတမတွေ့ပါလားတဲ့။ ရွှေပန်းနဲ့ လင်းတပါမှ တောကလှတော့မပေါ့တဲ့။

(သုံး)

စုံနံ့သာမြိုင်မှာ ဖွတ်နဲ့အပြိုင် ကွန်မင့်အရေးနိုင်ဆုံး သတ္တဝါတစ်ကောင် ရှိသေးတယ်။ ကြဲ့ကြီးပေါ့။ ဘယ်သတ္တဝါဆီကပဲ ပို့စ်တက်လာတက်လာ ကွန်မင့်ထိုင်ရေးနေတော့တာပါ။

တစ်ရက်မှာ Facebook စာမျက်နှာပေါ်မှာ ဒေါင်းပုံကြီးတက်လာသဗျ။ လှလိုက်တဲ့ပုံဗျာ။ ဒေါင်းကရိုးရိုးဒေါင်း မဟုတ်ဘူး။ က,နေတဲ့ ဒေါင်း။ အတောင်ပေါ်မှာ အရောင်တွေက ပြိုးပြိုးပြက်ပြက်။ ဝါဝါပြာပြာ စိမ်းစိမ်းရွှေရွှေ။ တက်သစ်စ နေမင်းရဲ့ နောက်ခံနဲ့။

အဲသည့်ပုံကို တင်လိုက်တဲ့ သတ္တဝါက ယုန်ကလေး ယုန်က စာတို ပေစကလေးတွေ ဝါသနာထုံပုံရပါရဲ့။ ကဗျာကလေးနှစ်ကြောင်းနဲ့ တွဲပြီး တင်ထားတာ။ ဘာတဲ့။

ကောင်းကျိုးအထွေထွေနဲ့ ချွန်စေမြစေစော၊ ဒေါင်းအိုးဝေရယ်လို့ တွန် စေကစေသော ဆိုလား။

အဲဒါကို ကြဲ့ကြီး ကွန်မင့်ရေးပုံကများဗျာ ရက်စက်တယ်။ ရှေ့က ကြည့်နေကြတာကိုးတဲ့။ လှမှာပေါ့တဲ့။ နောက်ကနေ သွားကြည့်လိုက်ပါ လားတဲ့။ မြင်မကောင်းတဲ့ ဖင်ခေါင်းနဲ့ အသင်ဒေါင်းကို ချစ်နိုင်ပါ့မလားတဲ့။ တွန်က,ဖို့ ဝေလာဝေး၊ ရွံသဟလို့ အသေအချာပြေးရမယ်မှတ်တဲ့။

ပညာနည်းနည်းရှိပုံရတဲ့ ယုန်ကလေး တစ်ကောင်ကတော့ ဘုရား လောင်းယုန်မင်းဇာတ်ကို သူ့ပို့စ်မှာ ရေးတင်ဖူးပါတယ်။ သိကြားမင်းက ပုဏ္ဏားအယောင်ဆောင်ကာ စားစရာ အလှူခံတော့ ယုန်မင်းက မီးပုံထဲကို ခုန်ဆင်းတဲ့ဇာတ်။ ကျွန်ုပ်ကို စားပါလို့ဆိုပြီး လှူတဲ့ဇာတ်။ မီးတွေငြိမ်းသွား

mgyoe.com

mgyoe.com


တဲ့ဇာတ်။ အကျဉ်းကလေး ရေးတင်ထားတာ။

အဲဒါကို ကြဲ့က ကွန်မင့်ဝင်ရေးသဗျာ။ မဖြစ်ညစ်ကျယ်မီးကလေးနဲ့ ငြိမ်းမှာပေါ့တဲ့။ မိုက်ကရိုဝေ့ဖ်မီးဖိုကလေးနဲ့ ကင်ထည့်လိုက်ပါလားတဲ့။ ယုန်ကင်နောက်တစ်ပွဲလုပ်ပါဦး ဖြစ်သွားမယ်တဲ့။ ခပ်ညံ့ညံ့သိကြားမင်းပါတဲ့။

(လေး)

အဲသည် ဖွတ်ကြီးတို့၊ ကြဲ့ကြီးတို့တွေက ဘယ့်နှာဖြစ်ကြတာတုံးလို့ မေးကြည့်မိတယ်။ တောမှာ မုန်တိုင်းတွေ တိုက်တဲ့ တစ်ညက တိရစ္ဆာန်တွေ အုပ်စုနှစ်စု ကွဲသွားကြတဲ့အခါ အဲသည် ဖွတ်တို့၊ ကြဲ့တို့က သူခိုးဓားပြတွေရဲ့ လက်ထဲကို ရောက်သွားကြတယ်ဆိုလား။ ကျန်တဲ့သတ္တဝါတွေက ရသေ့ရဟန်းတို့ရဲ့ ကျောင်းသခ်မ်းကို ရောက်တာတဲ့။

ဩော် ... Facebookပေါ်မှာ နှုတ်လျှာကြမ်းတမ်းအံ့မခန်း ဖြစ်နေကြတာ ဘာဆန်းမတုံးဗျာရယ်။ သူခိုးဓားပြ လက်ထွက် သတ္တဝါတွေပဲ ဥစ္စာ။ ။

**7Day Daily, 9.April.2017**

❐

mgyoe.com

mgyoe.com

## တကယ်ကူးတာလား စုံနံ့သာမြိုင်

(တစ်)

တောကြီးဆိတ်ညံဆိုတဲ့ စကားကို ကြားဖူးကြလေသလား မပြော
တတ်ဘူး။ မဲဇာတောင်ခြေ ရတုထဲမှာပါတဲ့ စာသားပဲဥစ္စာ။ ဘယ့်နှယ် နည်း
နည်းတော့ မှတ်မိသွားပြီ မဟုတ်လား။ မင်းပြစ်မင်းဒဏ်သင့်လို့ အမတ်ကြီး
လက်ဝဲသုန္ဒရအပို့ခံလိုက်ရတဲ့ မဲဇာတောကြီးရဲ့ ကြောက်ခမန်းလိလိ တိတ်
ဆိတ်နေပုံကို သရုပ်ဖော်ထားတဲ့ အဖွဲ့လေ။ တောကြီးဆိတ်ညံတဲ့။

အခုလည်း တောကြီးဆိတ်ညံပါပဲ။ အများသိတော်မူကြတဲ့ စုံနံ့သာ
မြိုင်ဆိုတဲ့ မဟာမြိုင်တောကြီးဟာ တိတ်ဆိတ်ငြိမ်သက်လို့။ အကုန်လုံး
ခြေကုန်လက်ပန်းကျကာ နှောင်တတွေ၊ ပြဿနာတွေ၊ စိတ်သောကတွေ၊
အမှုအခင်းတွေနဲ့ ကျန်ရစ်ခဲ့ကြတာကိုး။ နှစ်စဉ် ကျင်းပမြဲ တိရစ္ဆာန်နှစ်ကူး
ကာလကြီးက ပြီးသွားခါစ အခါသမယပဲဥစ္စာ။

တောဟာ တိတ်လို့။

(နှစ်)

တောမှာ နှစ်ကူးမင်္ဂလာရှိလို့လားဆိုတဲ့ မေးခွန်းကိုတော့ မမေးနဲ့

mgyoe.com

mgyoe.com


ခင်ဗျ။ ရှိတယ်။ ပညာနည်းနည်းပါးပါးရှိတယ်လို့ သတင်းမွှေးတဲ့ ယုန်ကြီး တစ်ကောင်ကတော့ အကိုးအကား အထောက်အထားတွေနဲ့ကို ခိုင်ခိုင်မာမာ ပြောတာ။

"တောထဲမှာ နှစ်ကူးပွဲကျင်းပတာ ... ကြာပြီလေ။ သတ္တဝါကလေး တွေ တစ်ကောင်နဲ့တစ်ကောင် ရေတွေနဲ့ ပက်ကြ ဘာညာဆိုတာ ဘယ်တုန်း ကမှန်းမသိ စပေါ်ခဲ့တဲ့ တို့များ သတ္တဝါကလေးတွေရဲ့ ယဉ်ကျေးမှုပေါ့"တဲ့။

ကြည့်စမ်း။ တိကျလိုက်တာ။ ပညာရှင်ဆန်လိုက်တာ။ အဲသဟာနဲ့ပဲ တောထဲမှာ တစ်ကောင်နဲ့တစ်ကောင် ရေတွေနဲ့ လိုက်ပက်လာခဲ့ကြတာ ဘယ် နှနှစ်မှန်းမသိ ရှိခဲ့ကြပါပေါ့။

အခုလည်း အဲသလို နှစ်ကူးသဘင်အပြီး တောတစ်ခုလုံး ခြောက် သွေ့သွားစ ကာလမှာ တောက တိတ်နေတာပါ။

(သုံး)

ပထမ တိတ်ဆိတ်နေတဲ့ အိမ်က ဆင်ကြီးတို့အိမ်။ ဆင်ညီအစ်ကို တစ်တွေ အသောက်အစားရှိတယ်ဆိုတာ တစ်တောလုံး အသိပဲဥစ္စာ။ အနို့ သော်လည်း ပုံမှန်ကာလတွေမှာ ပုံမှန်သောက်နေကြတာ ဆိုပေမဲ့ နှစ်ကူးတော့ မယ်လည်းဆိုရော နှစ်မကူးခင် ဆယ်ရက်လောက်အလိုလောက်ကစလို့ ဆင် ညီအစ်ကိုတစ်သိုက် သောက်နေလိုက်ကြတာများဆိုတာ။ ဘီယာတွေလည်း ပါရဲ့၊ ဝီစကီတွေလည်း ပါရဲ့။ က,လိုက်ကြ၊ ခုန်လိုက်ကြနဲ့။ နှစ်ကူးချိန် ရေတွေလည်း စ,ပက်ပြီဆိုရော နှစ်ဆတိုးသောက်တာ နှစ်ကူးအပြီး တစ်ရက်၊ နှစ်ရက်လွန်တဲ့အထိ ဆက်သောက်နေကြရာက ဆင်ညီအစ်ကို အကုန်လုံး အိပ်ရာထဲ ဗုန်းဗုန်းလဲကာ တိရစ္ဆာန်ဆရာဝန်ခေါ်ပြီး အားဆေးပုလင်းချိတ်ရ တဲ့ အနေအထားကို ရောက်သွားခဲ့ကြရတာပါ။

တောထဲမှာ သို့ကလို တိရစ္ဆာန်မိသားစုတွေ ပြည့်လို့။ ကောင်းမြတ်တဲ့ နှစ်ကူးမင်္ဂလာအပြီးမှာ စုံနံ့သာမြိုင် တော်တော်ကြီးတိတ်ကျသွားတာ ဘာ ဆန်းသလဲဗျာ။

mgyoe.com

mgyoe.com


(လေး)

ဒုတိယတိတ်ဆိတ်နေတဲ့ အိမ်က နွားအိမ်။ ရုန်းမှ ကန်မှ တစ်ဝမ်းတစ်ခါးဝ,တဲ့ နွားမိသားစုက နှစ်ကူးမို့ တစ်ပတ်ဆယ်ရက်အလိုကတည်းက ဘာမှမလုပ်တော့ဘူး။ ပျော်လို့။ ရေတွေနဲ့ လျှောက်ပက်နေကြတဲ့ကာလမှာ ကျတော့ ပိုဆိုးတော့တာပေါ့။ ဘာမှကို လုပ်လို့မရတော့တဲ့ ကာလကြီး ဥစ္စာ။ ပျော်သဗျ။ အနို့ကလိုနဲ့ နှစ်ကူးလွန်သွားပြီတဲ့ နောက်ထပ် လေး၊ ငါးရက်မှာကလည်း တစ်တောလုံးက နားကြဦးစို့ ဆိုတာမို့ နွားတွေကလည်း ဆက်နားကြဦးစို့ပဲပေါ့။ ပျော်တာပါပဲ။

အဲ ... အလုပ်ကလေးတွေ ပြန်စကြစို့ရဲ့လို့ဆိုတော့ နွားတွေမှာ စားစရာက မရှိတော့ဘူး။ ကောင်းမြတ်တဲ့ နှစ်ကူးမင်္ဂလာရက်တွေထဲမှာ ဟိုသတ္တဝါတွေဆီကချေး၊ သည်သတ္တဝါတွေဆီက ငှားနဲ့ စားထားတဲ့ အကြွေးက အိမ်ပေါက်ဝမှာ လာတောင်းပြီကိုး။ အကြွဲအိုက်အိုက်နဲ့ နွားရိပ်မြုံထဲမှာ တိတ်ဆိတ်လို့။

တောထဲမှာ အဲသလို သတ္တဝါမိသားစုတွေ ပြည့်လို့။ ကောင်းမြတ်တဲ့ နှစ်ကူးမင်္ဂလာနေ့ရက်တွေ အလွန်မှာပြောတာပါ။

(ငါး)

ဝံပုလွေတို့ အိမ်နဲ့ ခြင်္သေ့တို့အိမ်တွေမှာလည်း အတိတ်ကြီး တိတ်လို့ပါ။

ဝံပုလွေအုပ်စုက အမှုတစ်ခု ဖြစ်နေကြတယ်ဆိုလား။ ဝံပုလွေတွေက မဏ္ဍပ်ထိုးပြီးတော့ကို ရေပက်ကြတာတဲ့။ ဝံပုလွေမဏ္ဍပ်က အချိုရည်တွေ တိုက်ပါတယ်။ အဲသည့်အချိုရည်နဲ့ စိတ်ကြွဆေးတွေကိုလည်း ရောသောက်ပါတယ်။ သီချင်းသံတွေက ဆူညံပေါက်ကွဲလို့ပေါ့။

အဲသမှာ အသက်မပြည့်သေးတဲ့ ဝံပုလွေမကလေးနှစ်ကောင်ကို အချိုရည်နဲ့ စိတ်ကြွဆေးတွေနဲ့ ရောတိုက်တယ်ဆိုလား။ ဝံပုလွေ လေး၊ ငါးကောင်က အဲသည် ဝံပုလွေမ ပေါက်စကလေးနှစ်ကောင်ကို တောစပ်ကို ခေါ်သွားကြတယ်ဆိုလား။ အဲသမှာ ... ထားလိုက်တော့။ အမှုကတော့ ဖြစ်ပြီဆိုပါတော့။

ဝံပုလွေတွေ အိမ်မှာ တိတ်လို့။ ကောင်းမြတ်တဲ့ နှစ်သစ်ကူး မင်္ဂလာ

mgyoe.com

mgyoe.com


အခါသမယ အလွန်မှာ ပြောတာပါ။

ခြသေ့်တို့ အိမ်ကလည်း ထိုနည်းနှင်နှင်ပါ။ ရိုက်မှုတဲ့ခင်ဗျ။ ပြီးတော့ ကိုက်မှု။ ထုံးစံအတိုင်း ခြသေ့်ဆိုတော့ကာ တောထဲမှာ အစွယ်နဲ့ကောင်တွေ ကိုး။ ဗလကလေးကလည်း နည်းနည်းရှိသကိုး။ အနီတစ်ခွင်မှာ ဘယ်အ ကောင်မှ ထိမထင်ဘူးဆိုတဲ့ သတ္တဝါအမျိုးအစား။

အဲသမှာ ကောင်းမြတ်တဲ့ တိရစ္ဆာန်နှစ်ကူးအခါသမယ ရက်တွေထဲမှာ ခြသေ့်တွေက သူတို့ဂူရဲ့ အပေါက်ဝ အပြင်ဘက်မှာ ဘီယာထိုင်သောက်နေ ကြတယ်ဆိုလား။ အသားကင်နဲ့ဘာနဲ့ပေါ့။

အဲသည်တုန်းမှာ ကျား လေး၊ ငါးကောင်က ဆိုင်ကယ်ကိုယ်စီနဲ့ ခြသေ့်အရှေ့ကနေ ဖြတ်စီးသွားကြတာ။ ကောင်းမြတ်တဲ့ နှစ်သစ်ကူး မင်္ဂလာ နဲ့အညီ အယုတ္တအနတ္တတွေလည်း ပြောဆိုသွားကြမှာပေါ့။

အဲသမှာ ခြသေ့်တွေက မကျေမနပ်ဖြစ်ပြီး ထွက်အဆဲမှာ ရန်းရင်း ဆန်ခတ်တွေဖြစ်လို့ ကျားနှစ်ကောင်လောက်က ခြသေ့်အခဲကို ခံလိုက်ရတာ ပါ။ ထုံးစံအတိုင်း တိရစ္ဆာန်တရားရုံး ရောက်လာတာပဲပေါ့ဗျာ။ အမှုဖြစ်ပြီ ဆိုမှတော့ ကုန်ကြပြီပေါ့။ အချိန်ရော၊ ငွေရော။ ဒါကြောင့် တိတ်သွားတာ။

(ခြောက်)

လူတွေမှာ နှစ်ကူးမင်္ဂလာရှိသလို တိရစ္ဆာန်တွေမှာလည်း နှစ်ကူး မင်္ဂလာရှိသတဲ့ခင်ဗျာ။ ဘယ်တုန်းကမှန်းမသိ စပြီးပေါ်ခဲ့တာပေါ့ဗျာလို့ ပညာရှိ ယုန်ကြီးပြောသလို အချိန်တန်တဲ့အခါ စုံနဲ့သာမြိုင်တောကြီးထဲမှာ သတ္တဝါကလေးတွေလည်း နှစ်ကူးကြတာပါပဲ။

အဟောင်းကနေ အသစ်ကို ကူးတာပါလို့ ဆိုပြီးတဲ့နောက်မှာ ပြဿ နာတွေ၊ အမှုအခင်းတွေ၊ နှောင်တတွေ၊ အကြွေးတွေ၊ ဒဏ်ရာဒဏ်ချက်တွေ၊ အငြိုးအတေးတွေနဲ့ ရှုပ်ပွေပေလူး ညစ်ပတ်နံစော်ကာ တိတ်ဆိတ်ခြောက် ကပ်ပြီး ကျန်ရစ်ခဲ့တဲ့ တောရဲ့သဏ္ဌာန်က ဘက်ထရီကုန်သွားတဲ့ ဓာတ်ခဲကြီး ရဲ့ ဟန်ပါပဲ။ ကြံရည်ကြိတ်စက်ထဲက ထွက်လာတဲ့ ကြံဖတ်ကြီးလို။

နှစ်ကူးပြီး တောထဲမှာ စိတ်တွေ၊ သဘောထားတွေ၊ အကျင့်စရိုက် တွေမှ မကူးဘဲ နေခဲ့ကြတဲ့အခါ တိရစ္ဆာန်ကမ္ဘာဟာ တိရစ္ဆာန်ကမ္ဘာမှာပဲ
mgyoe.com

mgyoe.com


ကျန်နေရစ်ခဲ့မှာပေါ့။ ကြည့်လေ။ အခုပဲ တိတ်လို့။ ကောင်းမြတ်တဲ့ နှစ်ကူး မင်္ဂလာဆိုလား။ ။

**7Day Daily, 23.April.2017**

❒

mgyoe.com

mgyoe.com

# စိတ်ထဲမှာ အဲဒါတွေ ပါလို့လား

(တစ်)

နည်းပညာခေတ်ကြီးနဲ့အညီ နောက်မှာ ခြေတစ်ဖဝါးစာမျှ မကျန်ရစ်ခဲ့စေရဘဲ စကြဝဠာ အနန္တသတ္တဝါ အနန္တတို့နှင့်အတူ ရင်ပေါင်တန်းကာ လျှောက်လှမ်းနေတဲ့ နေရာမှာဖြင့် စုံနံ့သာမြို့တော်ကြီးဟာ ထိပ်တန်းကပေါ့။ လူသူလေးပါးတို့ လက်ကိုင်ဖုန်း ကိုင်ကြပြီဆိုတဲ့အခါ စုံနံ့သာမြို့က သတ္တဝါတွေ လက်ကိုင်ဖုန်း လိုက်ကိုင်ကြတာပဲပေါ့။ လူသူလေးပါးတို့ အင်တာနက်ထဲ ဝင်ကြပြီဆိုတဲ့အခါ စုံနံ့သာမြို့က သတ္တဝါတွေ အင်တာနက်ထဲ လိုက်ဝင်ကြတာပဲပေါ့။ အဲ ... လူသူလေးပါးတို့ ကွန်ပျူတာနှိပ်ကြပြီဆိုတဲ့အခါ စုံနံ့သာမြို့က သတ္တဝါတွေ ကွန်ပျူတာ လိုက်နှိပ်ကြတာပါပဲ။

ကွန်ပျူတာကိစ္စ ပြောရရင် လူသူလေးပါးက ကွန်ပျူတာကို မောက်စ် (Mouse)မပါဘဲ ကီးဘုတ် (Keyboard)ကလေးပဲ သုံးပြီး ရိုက်ကြတဲ့အခါ စုံနံ့သာမြို့ထဲက သတ္တဝါတွေကလည်း မောက်စ် (Mouse)မပါဘဲ လိုက်သုံးကြသဗျ။

ဟော ... နောက်တော့ ကွန်ပျူတာက တစ်ခေတ်ဆန်းလာလိုက်တာ။ ခလုတ်တွေပေါ်မှာ ကိုယ်က ဘာမှ ရိုက်စရာမလိုတော့ဘဲ ပါးစပ်က ပြော

mgyoe.com

mgyoe.com

ပေးရုံကလေးတဲ့ခင်ဗျ။ အသံကိုကြားတာနဲ့ ကွန်ပျူတာက သူ့ဘာသာသူ လျှောက်ရိုက်သွားတာ။ တောထဲကတိရစ္ဆာန်တွေ အဲသည့်ကွန်ပျူတာကို သဘောအကျကြီးကျကြတာပေါ့။ ဝယ်သုံးလိုက်ကြတာများဆိုတာ။ လက်ပ်တော့ (Laptop) ကိုယ်စီနဲ့။

အခု ... နောက်ဆုံးဝင်လာတဲ့ နည်းပညာရောဂါက စိတ်ထဲမှာ ပေါ်လာတဲ့အတိုင်း ကွန်ပျူတာက လိုက်ရိုက်ပေးတယ်ဆိုတဲ့ရောဂါ။

(နှစ်)

သတင်းထွက်နေတာကဖြင့် ကြာပဲကြာလှပါပေါ့။ ကမ္ဘာကျော်ပန်းသီး (Apple) ကုမ္ပဏီက စမ်းသပ်နေခဲ့တယ်ဆိုတာ။ ကွန်ပျူတာရှေ့မှာထိုင်ပြီး စာရိုက်ဖို့ လုပ်တဲ့အခါ ကီးဘုတ် (Keyboard) တွေပေါ်မှာ လက်တင်ပြီး တော့လည်း ရိုက်စရာမလိုတော့ပါ။ ပါးစပ်က အသံထွက်ပေးပြီးတော့လည်း ရိုက်စရာမလိုတော့။ စိတ်ထဲက တွေးနေသမျှကို ကွန်ပျူတာက အလိုအလျောက် လိုက်ရိုက်ပေးနေမယ့် စနစ်တဲ့။ အဲသည့်သတင်းကကြာပြီ။ သူငါ သတ္တဝါမျှော်ကြတာ ဘာဆန်းသတုံးဗျာ။ သည်လောက် လွယ်ကူလွန်းတဲ့ ကွန်ပျူတာ လိုချင်ကြတဲ့သူတွေချည်းပါပဲပေါ့။

သွက်ပါ့။ မြန်ပါ့။ အဲသည်ကွန်ပျူတာက ကမ္ဘာမှာ သည်ကနေ့ ဈေးကွက်ထဲကို စ,ရောင်းလိုက်ပြီဆိုတာနဲ့ ဟော ... တောထဲက တိရစ္ဆာန် တွေရဲ့ လက်ထဲကို နောက်တစ်နေ့ ရောက်လာပါလေရော။ စိတ်ထဲကအတိုင်း လိုက်ရိုက်ပေးမယ့် လက်ပ်တော့ (Laptop) ကွန်ပျူတာတွေနဲ့။

(သုံး)

တစ်ရက်။

ဆန္ဒည္သန်ရာ ကွန်ပျူတာကလေးတစ်လုံးရဲ့ရှေ့မှာ ကျားက ပက်လက်ကုလားထိုင်ကလေးတစ်လုံးနဲ့ ထိုင်လို့ခင်ဗျ။ စီးကရက်ကလည်း ခဲထားသေးတယ်။ ကွန်ပျူတာပေါ်မှာ ခေါင်းစဉ်ကတော့ ပေးထားပြီးပြီ။

'ငြိမ်းချမ်းရိပ်မြုံ တောရဂုံ' တဲ့။ အဲဒါ ရိုက်ထားပြီးသား စာသား။ ခေါင်းစီးစာကြောင်း။ တောသတ္တဝါအပေါင်း ငြိမ်းချမ်းကြစေဖို့အကြောင်းကို

mgyoe.com

mgyoe.com
ရေးတော့မယ်ဆိုတာ ခေါင်းစီးကြည့်ရုံနဲ့ သိနေပြီပဲ ဥစ္စာ။

ကျုပ်က ခေါင်းစီးစာကြောင်း အောက်က နောက်ဆက်ရိုက်မယ့် စာသားတွေကို ကြည့်မနေတော့ပါဘူး။ စိတ်ထဲပေါ်လာတာကို လိုက်ရိုက်နေတော့မှာဆိုတော့ ကြည့်ရိုက်နေစရာလည်း လိုမှ မလိုတော့တဲ့ဥစ္စာ။ ပက်လက် ကုလားထိုင်ကလေးမှာ မှေးပြီး တွေးပဲ တွေးနေလိုက်တော့တယ်။ ပေါ်လာတဲ့ စာသားတွေက။

စင်စစ် ကျွန်ုပ်တို့၏ စုံနံ့သာမြိုင်တောကြီး ဖွံ့ဖြိုးတိုးတက်ရန် ဆိုသည်မှာ သတ္တဝါတို့အကြား မေတ္တာပေါင်းကူးတံတား ထိုးကြရန်မှာ အခြေခံ အကျဆုံး ဖြစ်ပေသည်။ နမပေးဆင်တွေ မင်းတို့ တစ်နေ့တော့ တွေ့ဦးမယ်။ မေတ္တာကား ငြိမ်းချမ်းမှု၏ သော့ချက်ပင်။ အစွယ်ရှိတဲ့ အကောင်အချင်းချင်း သူများသားကောင် ဝင်လုတာကတော့ ခြသေ့ရာ မင်းလွတ်အောင်တော့ ရှောင်ထား ဟုတ်ပလား။ မေတ္တာခြုံသောအခါ သတ္တဝါတို့ကြား၌ အားကြီးသူက အားနည်းသူအား သနားညှာတာထောက်ထားလာမြဲပင် ဖြစ်ပါ၏။ ငါ့ဝမ်းပူဆာတာကတော့ စားစရာရှိ စားရမှာပဲ။ ဟိုနေ့က ဆတ်ကြီးရဲ့ ပေါင်ကို လှမ်းခဲလိုက်တာ နည်းနည်းကလေးကွာ။ စာနာမှုအုတ်မြစ်ကို ခိုင်ခိုင်ချ မိပြီဆိုသည်နှင့် သံလွင်ခက်ကို ချိုးငှက်က ချီလေပြီ။

ဟိုက် ... တဲ့ ခင်ဗျ။ စိတ်ထဲမှာ ပေါ်လာတဲ့အတိုင်း ကွန်ပျူတာက လိုက်ရိုက်တဲ့စာကို ဟိုက် ... တဲ့ ခင်ဗျ။

"သောက်ကျိုးနည်း ... စိတ်ထဲရှိတာ ... အကုန်လုံး လိုက်ရိုက်နေလို့ ဖြစ်မလားကွာ" တဲ့။

(လေး)

တောကြောင်ကလည်း လက်ပ်တော့ (Laptop)နဲ့။ စိတ်ထဲပေါ်လာတာကို အကုန်လိုက်ရိုက်တဲ့ ဆော့ဖ်ဝဲ (Software)သွင်းထားတဲ့ ကွန်ပျူတာနဲ့ပါပဲ။ သူက တောဘွဲ့ကဗျာအကြောင်း ရိုက်နေတာ။ စိတ်နဲ့ ရိုက်တာပဲပေါ့။

ချိုးနှစ်ကောင်
ထနောင်းပင်ညီနောင်က

mgyoe.com

mgyoe.com


လွမ်းအောင်ကူချွဲ။
ပန်းတော်ဖြူ
ပင်မြက်နေဇာထူလှတယ်
ဖိုးတောင်သူ့တဲ။

ချစ်စရာ့ တောရဂုံကဗျာကလေးပင်။ ငြိမ်းချမ်းရေး၏သင်္ကေတ ချိုးကလေးက မောင်နှံယှဉ်တွဲကာ ကူလျက်။ ချိုးသားက သိပ်အရသာရှိတာ။ ရှားမီးရဲရဲနဲ့ ကင်ပြီးစားမှ။ တကူကူးကူးဟူသည့်အသံက တော၏ ဂန္ဓဝင်ဂီတဟုဆိုသော် မှားအံ့မထင်။ ချိုးသားက သံပရာသီးနဲ့နယ်ပြီး ကင်မှအရသာပေါ်တာ။ ထိုချိုးငှက်မောင်နှံကား ထနောင်းပင်ညီနောင်၏ အကိုင်းပေါ်မှာ။

တောကြောင်ဟာ ကွန်ပျူတာဖန်သားပြင်မှာ ထင်နေတဲ့ စာတွေကိုကြည့်ကာ ကြိတ်မနိုင် ခဲမရနဲ့။

"စိတ်ထဲက တချို့ဟာတွေက ဘာဖြစ်လို့ လာထင်နေရသတုံးလကွာ" တဲ့။

သူနေတဲ့ ရေကန်နားမှာ ရေနံတွေ ထွက်လာတယ်ဆိုတဲ့ လိပ်ကြီးကလည်း ကွန်ပျူတာကို စိတ်နဲ့ရိုက်ရင်းက ဒေါထပြီး ပေါက်ခွဲပစ်လိုက်လေသတဲ့။ သူ့ကွန်ပျူတာမှာ ပေါ်လာတာက ...

ယခု ထွက်လာသည့် ရေနံများကား သဘာဝတရားက သတ္တဝါများကို လက်ဆောင်ဆက်သခြင်းပင်။ ဤမှရသည့် အသပြာများကား တောသတ္တဝါများအားလုံး ကောင်းစားကြဖို့ရာ ဖြစ်ပါ၏။ ငါ့မိန်းမ လိပ်မကြီးရဲ့ မောင် ဟိုတယ်ဆောက်ဖို့ ငွေလိုတယ်ဆိုလား။ သတ္တဝါများ၏ ပညာရေး၊ သတ္တဝါများ၏ ကျန်းမာရေး။ ယောက္ခမ လိပ်ထီးကြီး တိရစ္ဆာန် အထူးကုဆေးရုံဆောက်ဖို့ကိစ္စ။

ဆိုတာတွေ။ အဲသမှာ လိပ်က ကွန်ပျူတာကို ပေါက်ခွဲပစ်လိုက်တာ။

## (ငါး)

တိရစ္ဆာန်ကမ္ဘာက စိတ်ထဲရှိတာကို အကုန်လိုက်ရိုက်ပြီး ဖော်ပြနေတဲ့ ကွန်ပျူတာကို မကြိုက်ဘူးတဲ့ခင်ဗျ။ ဖန်သားပြင်မှာ ထင်နေသမျှတို့ စိတ်ထဲ
mgyoe.com

mgyoe.com

ကလို့ တကယ်ယုံကုန်ရင် ခက်ရချေရဲ့တဲ့။ နည်းပညာဆိုပေမဲ့ တိရစ္ဆာန်ကမ္ဘာအတွက်က ခက်သား။ ။

**7Day Daily, 30.April.2017**

❒

mgyoe.com

mgyoe.com

# သူခိုးမရှိတဲ့ တော

(တစ်)

စုံနံ့သာမြိုင် စုံနံ့သာမြိုင်နဲ့ နာမည်ကြီးလှတဲ့ ဟောသည် အနီအဆွေတို့ရဲ့ တောကြီးဟာ ဘယ့်နှာသို့သော တောကြီးတုံးဗျာလို့ မကြာခဏဆိုသလို ကျွန်ုပ်က မေးဖူးသဗျ။ ရုတ်တရက် ပြန်ဖြေဖို့အတွက် သတ္တဝါတိုင်းလိုလိုက ကြောင်တက်တက်ကလေးတွေ ဖြစ်သွားကြသူတွေချည်းပါပဲ။ ဘယ့်နှာသို့သော မေးခွန်းပါလိမ့်နော်ဆိုတဲ့ မရှင်းမရှင်း မျက်လုံးကြီးတွေနဲ့ ပြန်ကြည့်နေကြစမြဲပါ။

ဂျက်သိချင်တာက ထူးခြားမှုပါ။ အဘယ်သို့သောဂနိုင် အဘယ်သို့သော မြိုင်နဲ့မှ မတူတဲ့ အနီတောကြီးရဲ့ တစ်မူထူးသောစတိုင် (Style) ဆိုတာ ဘာပါလိမ့်မလဲလို့ သိချင်တာပါ။ ဆိုကြပါစို့။ တချို့တောတွေမှာ ကျားမရှိဘူး။ တချို့တောတွေမှာ ခြသေ့်မရှိဘူး။ တချို့တောတွေမှာက အောက်ချင်းငှက် မရှိဘူး။ တချို့တောတွေမှာက စန္ဒကူးမရှိဘူး။ တချို့တောတွေမှာက ထနောင်း မရှိဘူး။ အဲသလို ထူးခြားမှုတစ်ခုခု စုံနံ့သာမြိုင်တောကြီးမှာ ဘဇာများ ရှိသတုံးလို့ သိချင်လို့ ဂျက်က မေးကြည့်မိတာပါ။

တော်တော်ကြီးကို ရှင်းပြလိုက်တော့မှ ကျွန်ုပ်ဆရာကြီး ဂျက်ရဲ့ မနော

mgyoe.com

mgyoe.com

နဲ့ သဘောကို ရိပ်စားမိသွားကြပုံရပါတယ်။ ဖြေသဗျ။ အဖြေက သတ္တဝါ တစ်ကောင်နဲ့တစ်ကောင် ထပ်တူထပ်မျှ။

"အဲ ... ဟုတ်ပြီ။ သဘောပေါက်ပြီ။ စုံနံ့သာမြိုင်ရဲ့ ထူးခြားချက် ဟုတ်ပြီ။ ဒီတောမှာ သူခိုးမရှိဘူး။ အဲဒါထူးတယ်။ တောထဲမှာ တစ်ခါမှ ခိုးမှုမဖြစ်ဘူး။ အဲဒါထူးတယ်"

တစ်တောလုံး လှည့်ပတ်ခုန်ကူးမြူးထူးပြေးလွှားနေတဲ့ ရှဉ့်ထွားထွား ဖားဖားကြီးတစ်ကောင်က ငှက်ပျောသီးစားရင်းကနေ သို့ကလို ဖြေလာတာ ပါ။ တခြား သတ္တဝါကလည်း ဒါမျိုး အဖြေတွေချည်းပါပဲ။

"စုံနံ့သာမြိုင်ရဲ့ထူးခြားမှုကို ပြောပါဆိုရင်တော့ သူခိုးမရှိတာပဲပေါ့ ဆရာရယ်" တဲ့။

ဟုတ်ပါတယ်။ ဒါဆိုရင်တော့ ထူးပါတယ်။ သူခိုးမရှိတဲ့ တောဆိုတာ ကတော့ ထူးတယ်လို့ပဲ ဆိုရပေမှာပေါ့။ တိရစ္ဆာန်တွေ ဖြစ်ကြဘိစေကာမူ အက်သစ် (Ethic)ခေါ် ကိုယ်ကျင့်တရားအရာမှာ မခေကြဘူးဆိုတဲ့ အနက် အဓိပ္ပာယ်ပဲပေါ့။

ဘာကြောင့်များလဲလို့တော့ဖြင့် ဂျက်က သိချင်မိပါရဲ့။ တောထဲမှာ ခိုးမှုရယ်လို့ မရှိအောင် ဘယ့်နှာသို့များ စီမံခန့်ခွဲသမှု ပြုထားကြခဲ့ပါလိမ့်။

(နှစ်)

တစ်ရက်မှာပေါ့။

ဆင်ကြီးတော့ ပြဿနာတက်နေပြီဆိုတဲ့ သတင်းက စုံနံ့သာမြိုင် တောတစ်ခုလုံးမှာ ဟုန်းဟုန်းဟုန်းဟုန်းနဲ့ တောမီးများလောင်တဲ့ပမာ ပျံ့နှံ့လို့ သွားခဲ့ပါလေရဲ့။

သစ်ပြဿနာတဲ့ခင်ဗျ။ ဆင်ကြီးတာဝန်ယူထားတဲ့ တောပိုင်းမှာက သစ်က တအားထွက်တာကိုး။ ကျွန်းနဲ့ ပျဉ်းကတိုးက အဓိကပေါ့။ ပိတောက် လည်း ပါပါရဲ့။ အဲသမှာ သတ္တဝါကိုယ်စီက တစ်နိုင်တစ်ပိုင် ခုတ်ပြီးတဲ့ သကာလ လူတွေဆီကို ရောင်းကြတာ။

အဲသမှာ ဆင်က သူ့ဒေသဖွံ့ဖြိုးတိုးတက်ဖို့ လုပ်မယ်ဆိုပြီး အဘယ် မည်သော သတ္တဝါမဆို သစ်များကို ခုတ်ယူသယ်ဆောင်ကြပါက သစ်ဆယ်

mgyoe.com

mgyoe.com
လုံးသယ်သော် တစ်လုံးကို ဒေသဖွံ့ဖြိုးမှု ရန်ပုံငွေအဖြစ် ပေးကြရပေအံ့ဆိုပြီး အမိန့်ထုတ်လို့ ကောက်ယူနေခဲ့လိုက်တာ ဆယ်နှစ်နီးပါးလည်းရှိရော တိရစ္ဆာန် အသပြာ ဘယ်လောက်မှန်းလည်းဆိုတာ တွက်မရတော့ပါလေဘူး။ ဒီလိုပဲ လေတဲ့။ သတ္တဝါဝေနေယျရဲ့ အသပြာဆိုတော့ကာ တောဖွံ့ဖြိုးဖို့ လှူထား တာဆိုတော့ကာ အသေအချာစာရင်းနဲ့ အင်းနဲ့တော့ ဘယ်မှတ်ထားမှာတုံး တဲ့။ အကြမ်းကတော့ တွက်ကြည့်လို့ရပါတယ်တဲ့။

တစ်ရက်ကို သစ်ဆယ်လုံးကောက်တယ်ထားတဲ့။ တစ်နှစ်ကို သစ် အလုံးပေါင်း သုံးထောင့်ခြောက်ရာတဲ့။ ဆယ်နှစ်ဆိုတော့ သစ်လုံးပေါင်း သုံးသောင်းခြောက်ထောင်တဲ့။ အကြမ်းဖျင်းတွက်လိုက်ရင် ရှိလှတိရစ္ဆာန် အသပြာ ကုဋေတစ်ထောင်ပေါ့တဲ့။

"လိုချင်ရင် ... ညနေကျ လာယူကြ။ ရယ်ဒီ (Ready) ပဲ" တဲ့။

မကျေမနပ်ဖြစ်နေကြတဲ့ တိရစ္ဆာန်ထုနဲ့အတူ တောကောင်းဖို့ရာ ပြန် လည်လုပ်ဆောင်နေကြတဲ့ ဒေါင်းတွေရော၊ ကျွဲတွေရော၊ နွားတွေရော၊ ဖီး ကွက်တွေရော၊ အောက်ချင်းငှက်တွေရော ဆင်ကြီးရှိရာကို လိုက်သွားကြတဲ့ အခါ ဆင်ကြီးက ပြောတဲ့အတိုင်း ပြန်ပေးသဗျ။

"ရော့ အသပြာ ကုဋေတစ်ထောင် ပြန်ပေးတယ်နော်။ ခိုးထားတာ မဟုတ်ဘူး" တဲ့။

ဩော် ... တောထဲမှာ ခိုးမှုမရှိဘူးဆိုတာ အဲသဟာကြောင့် ပြောတာ ဖြစ်မှာကိုး။ ပေါ်သွားတဲ့အခါ ပြန်ပေးလိုက်ရင် ရန်အေးစမြဲဥစ္စာ။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ယူထားတဲ့ ဝံပုလွေရဲ့ ပြဿနာကလည်း ထိုနည်းနှင်နှင်ပါပဲခင်ဗျ။

ဝံပုလွေက ဆင်စွယ်တို့၊ ကျားစွယ်တို့၊ ကျားသားရေတို့၊ သမင်ချိုတို့၊ ဝက်ဝံသည်းခြေတို့၊ စပါးကြီးသည်းခြေတို့၊ မိကျောင်းအရေခွံတို့၊ မျောက် သွေးတို့၊ ကျားသစ်အရေခွံတို့၊ ဆတ်ချိုတို့၊ တောင်ဆိတ်ခွာတို့၊ ကျွဲချို၊ နွားချိုတို့လို တောထွက်ပစ္စည်းတွေ အလဟဿမဆုံးရှုံးသွားရလေအောင် စောင့်ရှောက်ရတဲ့အကောင်။ အခု အဲသည့်ဝံပုလွေကိုယ်တိုင်က တောသတ္တဝါ တွေရဲ့ သုံးဆယ့်နှစ် ကောဋ္ဌာသကို လူသားတွေရှိရာဆီ မှောင်ခိုထုတ်တဲ့ အကြောင်း ခတ်ပုံမှတ်တမ်းအထောက်အထားတွေနဲ့တကွ သတင်းတွေ
mgyoe.com

mgyoe.com

ထွက်လာတာပါ။ အဲသည့်သတင်း တောလုံးလျှံထွက်လာတဲ့အသံနဲ့ မရှေး မနှောင်းမှာဘဲ ဝံပုလွေအသိုက်အဝန်းက အသံတွေထွက်လာပြန်ပါတယ်။

"မယုံကြည်ဘူးဆိုရင် ပြောကြလေ။ မိမိဝံပုလွေ ထုတ်ရောင်းတာ ဘယ်လောက်လို့မှန်းသလဲ။ အကုန်ပြန်ပေးမယ်။ ဂုဏ်သိက္ခာတော့ အပွန်း မခံနိုင်ပါ။ မနက်ဖြန် (သို့မဟုတ်) ဘယ်သောအခါ ကြိုက်တဲ့အချိန်မှာ ကြိုက်တဲ့သတ္တဝါတွေ လာခဲ့ကြ စွပ်စွဲသမျှ အကုန်ပြန်ပေးမယ်"

တကယ်ပဲခင်ဗျ။ တောမိတောဖသတ္တဝါတွေစုပြီး ဝံပုလွေရိပ်မြုံဆီ သွားကြတဲ့အခါ ပိုက်ဆံအသပြာတွေကို ဂုန်နီအိတ်ထဲမှာထည့်လို့။

"အဲသမှာ တိရစ္ဆာန်အသပြာတော် ငွေသိန်းငါးထောင်။ အလိုအပို တော့ ရှိမှာပေါ့။ တောဖွံ့ဖြိုးရေးလုပ်ဖို့ စုထားတာ။ မအားတာနဲ့ မလုပ်ဖြစ် သေးဘူး။ ပြန်ပေးပြီနော်။ တစ်မျိုးမထင်နဲ့"

ဝံပုလွေက အပျံစား ဝီစကီတစ်ခွက်၊ ထိပ်တန်းစီးကရက်တစ်လိပ် တို့နဲ့အတူ လာစစ်တဲ့ တောမိတောဖ တိရစ္ဆာန်တစ်စုကို ငွေထုပ်ကြီး ထိုးပေး ပါတယ်။

(သုံး)

စုံနံ့သာမြိုင်ရဲ့ ထူးခြားချက်က ခိုးမှုမရှိဘူးဆိုတာ ဂျက် သဘောပေါက်စ ဖြစ်သွားခဲ့ပြီလို့ ဆိုရမှာပါ။

ခိုးသလို ဖြစ်နေခဲ့တာကို စစ်ဆေးလို့ တွေ့ရှိသွားခဲ့ရင် ပြန်ပေး။ ဒါဆိုပြီးပြီ။ ဘာအပြစ်မျှ မရှိဘူး။

လူနေရပ်ကွက်တွေထဲမှာတောင် ခိုးမှုတို့၊ သူခိုးတို့က ရှိနေကြတဲ့ဥစ္စာ။ စုံနံ့သာမြိုင်တောထဲမှာကျမှ ခိုးတယ်ဆိုတာ မရှိဘူးတဲ့။ ပြန်ပေးဖို့ ချန်ထား နိုင်ရင် အပျံစားတိရစ္ဆာန်ဘဝက ဘယ်တော့မှ ကျဆင်းသွားလေ့ မရှိဘူးတဲ့။

(လေး)

ပြန်ပေးတဲ့ သတ္တဝါတွေရဲ့ ဇနီးသည် တိရစ္ဆာန်မကြီးတွေက ပြန်ပေး လို့ ပြီးတဲ့တိုင် လက်ကောက်တွေ တံတောင်ဆစ်အထိဝတ်ပြီး ဈေးထဲမှာ လမ်းသလားလို့။ ပြန်ပေးရပေမဲ့ ကျန်သေးတယ်တော့ ... ဆိုတဲ့ မျက်နှာ

mgyoe.com

mgyoe.com


ထားးတွေနဲ့။

တောထဲမှာ အရုက်ဆိုတာ ဘယ့်နှာလုပ် ရှိရမှာတုံးဗျာရယ်။ တိရစ္ဆာန်တွေပဲ ဥစ္စာ။ ။

**7Day Daily, 7.May.2017**

❐

mgyoe.com

mgyoe.com

# ဝေဒနာကို မသေမချာ မလုပ်နဲ့

(တစ်)

ငါများ မကျန်းမမာ ဖြစ်လို့ကတော့ ဘယ်တော့မှ ဆေးမကုဘူး။ သည်အတိုင်း အသေခံမယ်မှတ်တဲ့။ ပါးစပ်က ပွစိပွစိနဲ့။ တတွတ်တွတ် ပြောလာတာ။ ဘယ်သတ္တဝါ ရှိရမတုံး။ နွားမကြီးပေါ့။

ပထမတော့ မျက်နှာမကောင်းတဲ့ နွားမကြီးကို ကြည့်ပြီး ကျန်းမာရေးကိစ္စက နွားမကြီးကိစ္စလို့ထင်တာ။ ဘယ်က ဟုတ်ရမှာတုံး။ သူ့သားနွားပေါက်ကလေးကိစ္စ။ ရောဂါက ထွေထွေပြားပြားမဟုတ်ပါဘူး။ မတော်တဆ ကိစ္စကလေးပါ။ ထုံးစံအတိုင်း နွားပေါက်ကလေးတို့ ဘာသာဘာဝ ဆော့ကစားတာပေါ့။ တောင်မြောက်လေးပါး ပြေးလွှားတာပေါ့။ အဲသမှာ ချိုင့်ထဲကို ရှေ့ခြေထောက်ကလေး ကျသွားကာ ခေါက်လဲတာပါ။ ထော့နင်းထော့နင်းနဲ့။ ကျိုးသွားတဲ့ပုံတော့ မရပါဘူး။ အဆစ်တွေ ဘာတွေ လွဲသွားတာမျိုး၊ အကြောတွေ ဘာတွေ ထုံးသွားတာမျိုး၊ တင်သွားတာမျိုးပဲ ဖြစ်ပုံရတာပါ။

ဒါကြောင့် ထင်တော့ထင်ပါတယ်လို့။ ခပ်လှမ်းလှမ်းဆီက တောလမ်းကလေးအတိုင်း နွားသားအမိ လျှောက်လာနေကြတာကို မြင်လိုက်ရကတည်း

mgyoe.com

mgyoe.com


က နွားမကြီးက ခြေလှမ်းကို ခပ်သွက်သွက်မလှမ်းဘဲ ထော့နင်းထော့နင်း သား နွားပေါက်စကို စောင့်ပြီး ခပ်ဖြည်းဖြည်း လျှောက်လာနေခဲ့တာကိုး။

နွားမကြီးရဲ့ လက်ထဲမှာက စာရွက်စာတမ်းတွေနဲ့။ ဆေးမှတ်တမ်း စာအုပ်ပေါက်စကလေးနဲ့။ သေချာတာပေါ့ ဆေးခန်းတစ်ခုခုက ပြန်လာတယ်ဆိုတာ။ တိရစ္ဆာန်တို့ စုဆေးနေထိုင်ကြတဲ့ တောကြီးထဲမှာ ဆေးခန်းပြပြီး ပြန်လာတယ်ဆိုတော့ကာ တိရစ္ဆာန်ဆေးကုခန်းပဲ ဖြစ်ရပေမှာပေါ့။ အဲသမှာ မကျေနပ်စရာတစ်ခုခုနဲ့ တွေ့လာခဲ့တဲ့ပုံပါ။ နွားကလေးကတော့ သူ့အမေ နွားမကြီး ဖျစ်တောက်ဖျစ်တောက် ပြောလာလို့ ထင်ပါရဲ့ သူ့အပြစ်နဲ့သူ တိတ်လို့။

(နှစ်)

နွားသားအမိနဲ့ ဂျက် စုံနံ့သာမြိုင်တောကြီးထဲမှာ သွားဆုံကြတာက လက်ပံပင်ကြီး လေး၊ ငါးပင် တန်းပေါက်နေတဲ့ ရေအိုင်စပ်စပ်ကလေးဆားမှာ သွားတွေ့ကြတာပါ။ ဂျက်ကပဲ စကားစ,မိပါရဲ့။

"အနို့ ... ဒေဝီဘွတ်အဲရေ အဘယ်အရာတွေကိုများ တောစလေ့မှာ သဘောမတွေ့စရာတွေနဲ့ ကြုံနေသတုံးခင်ဗျ"

"ဩော် ... ဆရာကြီးဂျက်ရယ် နွားပေါက်ကလေးတို့ သဘာဝ ဆော့တာ၊ ကစားတာ ကျွန်မ နားလည်ပါတယ်။ ခုဟာက ကမြင်းလွန်းလို့ဖြစ်တာ။ ထားတော့ ပြီးတာ ပြီးပစေ။ အခု စိတ်ထဲမှာ ခံပြင်းနေတာက တိရစ္ဆာန် ဆေးကုခန်းပါ။ ဒုက္ခပေးလွန်းသတော်"

နွားမကြီး ဒေဝီဘွတ်အဲက သူ့လက်ထဲက ဆေးခန်းက စာရွက်စာတမ်းတွေကို ထောင်ထောင်ပြီးပြကာ မြည်တွန်တောက်တီးလို့မဆုံး ဖြစ်နေပါလေရဲ့။

ကျွန်ုပ်က နွားမကြီး ဒေဝီဘွတ်အဲလည်း ရင်ထဲမှာ ပေါ့သွားပါစေ၊ ကိုယ်လည်း သိချင်တာကလေးတွေ သိခွင့်ရပါစေဆိုတဲ့ စိတ်ကူးနဲ့ ဖြည်းဖြည်း အေးအေး ကလေးဆိုသလို မေးရပါတယ်။

"ကဲ ... စိတ်ကိုလျှော့၊ ဒေါသကိုထိန်း မကျေနပ်တာကလေးတွေ တစ်ခုချင်း ပြောရအောင်၊ ဟုတ်ပြီနော်။ ဒေဝီဘွတ်အဲက ဘာကို မကျေနပ်

mgyoe.com

mgyoe.com


တာတုံးဗျာ”

“ဆေးစစ်ရတာကို မကျေနပ်တာ”

နွားမကြီးက စကားပြောတာ ခပ်ပြတ်ပြတ်ခင်ဗျ။ နွားပေါက်စက သူ့မာမီ ဘွတ်အဲကို မော့ကြည့်လို့။

“ကဲ ... တိရစ္ဆာန်ဆရာဝန်က နံပါတ်တစ် ဘာစစ်ခိုင်းသတုံးဗျာ”

“ဆီးစစ်ခိုင်းတယ်”

“နံပါတ်နှစ်က”

“ဝမ်းစစ်ခိုင်းတယ်”

“နံပါတ်သုံးက”

“သွေးစစ်ခိုင်းတယ်”

“ပြီးတော့ နံပါတ်လေး”

“နှလုံးကို အီးစီဂျီ ရိုက်ခိုင်းတယ်”

“ပြီးတော့”

“ဓာတ်မှန်ရိုက်ခိုင်းတယ်”

“ပြီးတော့”

“ပရုတ်ဆီကလေး လူးပြီး ပတ်တီးစည်းပေးကာ ပြန်တော့တဲ့”

ဟောဗျာ။ အဲသမှာ ဟောဗျာလို့ဆိုကာ ရေရွတ်လိုက်မိသူက မိမိကျွန်ုပ် ဆရာကြီးဂျက်သာပင်ခင်ဗျ။

ပြေးရင်းလွှားရင်း ခြေခေါက်လို့လဲရာက နွားပေါက်စ ထော့နင်းထော့နင်း ဖြစ်တာကို ကုသပုံက ဂရုစိုက်လွန်းနေသလားလို့ပါ။ ဆီး၊ ဝမ်း၊ သွေး၊ နှလုံးနဲ့တကွ ဓာတ်မှန်တွေ ဘာတွေကိုပါ ရိုက်ကာ ပရုတ်ဆီလူး၊ ပတ်တီးစည်းပေးလိုက်တယ် ဆိုလို့ပါ။ နွားမကြီးလက်ထဲက အရှည်ဆုံးစာရွက်က ဆေးစစ်ခ ငွေစာရင်းရှင်းတမ်းကြီးပဲပေါ့။

“တိရစ္ဆာန်ဆရာဝန်က လိုအပ်မယ်ထင်လို့ မျိုးစုံအောင် စစ်ပုံရပါတယ်။ ဒေဝီဘွတ်အဲရယ်”

“ခြေခေါက်လဲတာကို အဲဒါလောက်စစ်ဖို့ လို၊ မလို ကျွန်မ မသိဘူး။ ကျွန်မတို့က နွားတွေ ...။ အနို့သော်ပေါ့ ဆရာကြီးဂျက်ရယ် ပထမပြတဲ့ ဆေးခန်းက နည်းနည်းကလေးဝေးလို့ နောက်တစ်ခါ ကိုယ်နေတဲ့ မြက်ခင်း

mgyoe.com

mgyoe.com


နဲ့နီးတဲ့ တိရစ္ဆာန်ဆေးကုခန်းကလေး ပြောင်းပြတာ ငါးရက်မခြားပါဘူး။ ဆီး၊ ဝမ်း၊ သွေး၊ နှလုံး အကုန်ပြန်စစ်ရမယ်တဲ့။ ကျွန်မက စစ်ပြီးတာ မကြာသေးပါဘူးလို့ ပြောတယ်။ မရဘူး ပြန်စစ်ပဲ။ အဲသမှာ ကျွန်မခံစားရတာ ငါဆို ဘာဖြစ်ဖြစ် မကုဘူး အသေခံမယ်"

ရှည်လျားစွာ ရင်ဖွင့်လိုက်တဲ့ နွားမကြီး ဒေဝီဘွတ်အဲကို ကြည့်ကာ စုံနဲ့သာမြိုင်ရောက် ဆရာကြီးဂျက်လည်း ဘဇာလို့ ပြောရမှန်းမသိ ယောင်ချာချာဖြစ်ပါရဲ့။

တိရစ္ဆာန်ဆေးကု ဆရာဝန်တွေကလည်း လိုအပ်လို့ ဆေးစစ်ခိုင်းပုံရပါတယ်။ သွေး၊ ဝမ်း၊ ဆီး၊ နှလုံး အားလုံးက ဆက်စပ်နေတာပဲဥစ္စာ။ ရက်ပိုင်းကလေးနဲ့ပဲ ပြန်စစ်ခိုင်းချင်လည်း ခိုင်းမှာပေါ့။ သတ္တဝါတွေဟာ မနက်နဲ့ ညနေတောင်မှ တူချင်မှ တူကြတဲ့ဥစ္စာ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်။ ဥပါဒ်၊ ဋ္ဌီ၊ ဘင်။ ဖြစ်ပျက်ကုဋ္ဌေကုဋ္ဌာ။ ပြန်ပြန်ပြီးစစ်တော့ သေချာတာပေါ့။

အဲဒါမှ တော့နင်း ထော့နင်း ဖြစ်နေတဲ့ နွားကလေး ကောင်းသွားမှာ ။ ။

**7Day Daily, 14.May.2017**

❐

mgyoe.com

mgyoe.com

# တောစားကျက်နဲ့ တောစားခွက်

(တစ်)

စုံနံ့သာမြိုင်တောကြီးထဲက တိရစ္ဆာန်တွေက သူတို့ကို အိပ် စား ကာမ ဤသုံးဝသာသိတဲ့ သတ္တဝါတွေ၊ အလကား အလေဏတော သတ္တဝါတွေ၊ လူတွေကို မှီခိုပြီး လူတွေ စွန့်ဦးတီထွင်တဲ့ အသီးအပွင့်ကလေးတွေကို အဆင်သင့် ခံစားပြီး အပေါစား အသက်ရှင်တဲ့ သတ္တဝါတွေ ဘာညာနဲ့ ရှုတ်ချပြစ်တင်တာကို နာကြသတဲ့ခင်ဗျ။

"တိရစ္ဆာန်ဆိုပြီး အထင်သေးလွန်းတာကိုတော့ ဝမ်းနည်းမိသဗျာ"

ဖွတ်ကြီးတစ်ကောင်က ဂျက်နဲ့တွေ့စဉ်အခိုက် တစ်နေ့သားမှာ သို့ ကလို ရင်ဖွင့်ပါတယ်။ မျက်ရည်ကလေး ဝဲတဲတဲနဲ့ရယ်ပါ။ မျက်ရည်ကတော့ ဖွတ်မျက်ရည်ပေါ့။

"လောကဓာတ်ပညာဆိုတဲ့ သိပ္ပံတို့၊ နည်းပညာတို့ဘက်မှာ လူတွေလို စွန့်ဦးတီထွင် မလုပ်နိုင်ပေမဲ့ တောထဲက တိရစ္ဆာန်တွေခမျာ အသက်မွေးဝမ်းကျောင်းဖို့ အကြံသစ် ဉာဏ်သစ်တွေနဲ့ ရှင်သန်နေတာပါခင်ဗျာ"

ဖွတ်ကြီးက သူတို့တောထဲက တိရစ္ဆာန်တွေဟာ စီးပွားရေး အတွေးအမြင်ဘက်မှာတော့ မခေပါဘူးဆိုတဲ့အချက်ကို ဂျက်စိတ်ထဲမှာ စွဲမြဲသွား

mgyoe.com

mgyoe.com


စေချင်ပုံ ရပါတယ်။

"ကဲပါ ... မစ္စတာဖွတ်ရယ် စီးပွားရေးနယ်ပယ်မှာ အဆွေတို့ တိရစ္ဆာန်တွေ ခြေလှမ်းသစ်တွေနဲ့ စွန့်ဦးတီထွင်ကြပုံလေးတွေ စဉ်းငယ်ခန့် ရှုစားပါရစေလား"

စိတ်မရှည်သူဂျက်က အနို့ကလို ရိသဲ့သဲ့ပြောထည့်လိုက်တော့မှ ဖွတ်ကြီးက သူ့လျှာနှစ်ခွကို လှစ်ခနဲဆိုသလို ထုတ်ကာ ပြန်သွင်းလိုက်ပြီး လိုက်ပြမယ်တဲ့။

"တောထဲမှာ ဟိုတစ်ကွက် သည်တစ်ကွက် အကဲခတ်လိုက်ရင် အစ်ကိုဂျက် သဘောပေါက်သွားမှာပါ ... သွားစို့" တဲ့။

ဖွတ်ကြီးက တရုတ်ဆိုင်ကယ်ပေါ် တက်ခွလိုက်ပြီဆိုမှတော့ ဂျက်ကလည်း သူ့နောက်ကနေ တက်ခွလိုက်ရချေပါပေါ့။

(နှစ်)

ပထမမြင်ကွင်းက တောလမ်းကျဉ်းကလေးတစ်နေရာ ခင်ဗျ။

အဲသမှာ မော်တော်ကားကလေးတစ်စီးက ခပ်ဖြည်းဖြည်းကလေးဆိုသလို မောင်းပြီးဝင်လာတာပါ။ အဲသည့်အချိန်မှာကိုပဲ လမ်းဘေးတစ်နေရာက သစ်ပင်အကွယ်မှာ ကြိုစောင့်နေပုံရတဲ့ မြွေခွေးတစ်ကောင်က ဆတ်ခနဲဆိုသလို ပြေးထွက်လာကာ ကားရှေ့ကို ဇွတ်တိုးဝင်လိုက်လေရဲ့။ လူ ကားဆရာက တော်တော်ကလေး လျင်ပါတယ်။ ဘရိတ်ဖမ်းထည့်လိုက်တာကျွီခနဲတောင် မြည်သွားပါလေရဲ့။ ကားရှေ့ကို ဇွတ်တိုးဝင်လာတဲ့ မြွေခွေးနဲ့က ထိတယ်ဆိုရုံမှ တကယ့်ကို ထိရုံကလေး။ လိပ်ပြာတောင်ပံနဲ့ ရိုက်မိရုံလောက်ကလေး။

အနို့သော် မြွေခွေးက "ကယ်တော်မူကြပါခင်ဗျာ ... သေရပါတော့မယ်ခင်ဗျ" လို့ဆိုကာ ကားရှေ့ မြေပြင်ပေါ်မှာ လှဲချကာ လိမ့်အော်ဟစ်နေလေတော့ နံဘေးမှာ အဆင်သင့်စောင့်နေပုံရတဲ့ မြွေခွေးအုပ်စုတစ်စုက ကားနားကို ဝိုင်းအုံလာပါလေရော။ သံပြိုင်ထွက်လာတဲ့ မြွေခွေးအုပ်စုရဲ့ အသံက ညီပြီးတော့ ညွှတ်နေလိုက်တာများဆိုတာ ထိပ်တန်းအဆိုတော်တွေ သံပြိုင်အပိုဒ်ကို သီဆိုနေလိုက်ကြတဲ့အလား။

mgyoe.com

mgyoe.com


"ကိုင်း ... အနှိပြဿနာကို ဘယ်လိုရှင်းမတုံး" တဲ့။

ကားပေါ်က ဆင်းလာတဲ့ ကားဆရာ လူသားခများ ဝိုင်းအုံထားတဲ့ မြေခွေးတွေရဲ့အကြားမှာ ဘယ့်နှာသို့ လုပ်ရမယ်မှန်း မသိတော့သလိုပါပဲ။

"မတိုက်မိပါဘူးခင်ဗျ။ ကျွန်တော်ရပ်လိုက်တာကို သူကလာထိတာပါ။ ထိတယ်ဆိုရုံမှ တကယ့်ကို ထိရုံကလေး"

လူစကားမဆုံးပါဘူး။ မြေခွေးတစ်ကောင်က ခပ်မာမာနဲ့ ဝင်ပြောလာပါတယ်။

"ထိရုံကလေးဆိုတာ ခင်ဗျားတို့ဘက်က ပြောတာလေဗျာ။ ဟိုမှာကြည့် မထနိုင်တော့ဘူး။ ပြေလည်အောင် ဘယ်သို့ ရှင်းမတုံးဆိုတာပဲ ပြော၊ ပြေလည်ရင် ကားဆက်သွား မပြေလည်ရင် ရပ်ထား ဒါပဲ"

အဲသည့် မြေခွေးရဲ့ စကားအဆုံးမှာ ဝိုင်းအုံနေတဲ့ မြေခွေးတွေက ပြိုင်တူအူလိုက်ကြတဲ့အခါ တောဟာ သိမ့်သိမ့်ခါသွားလေရဲ့။

အနို့ကလိုနဲ့ ကားပေါ်က ဆင်းလာတဲ့လူက ပိုက်ဆံတစ်ထုပ်ကို မြေခွေးအုပ်ထဲက ခပ်စွာစွာအကောင်ရဲ့ လက်ထဲကို ထည့်ပေးလိုက်တဲ့အခါ လုပ်ငန်းပြီးသွားပါတယ်။ ကားရှေ့မြေပြင်မှာ လူးလိမ့်နေတဲ့ မြေခွေးလည်း ဖုတ်ဖတ်ခါပြီး ထလာခဲ့ပါပြီ။ ကားလည်း လိုရာခရီးကို ဆက်သွားခဲ့ပါပြီ။

ခုနက ကားဆရာပေးသွားတဲ့ ပိုက်ဆံတွေကို မြေခွေးတွေ ဘယ်အကောင်က ဘယ်လောက်ယူနဲ့လည်း ဝေစုခွဲနေကြပါပြီ။

"ကဲ ... ဂျက်အာစရိ တက်ပါဘိတော့ ရှေ့နည်းနည်းဆက်သွားရအောင်"

ဖွတ်ကြီးက ခရီးဆက်ဖို့ တရုတ်ဆိုင်ကယ်ကလေးကို စက်ပြန်နှိုးထားပြီမို့ ဂျက်လည်း သူ့နောက်က လွှားခနဲ ပြန်တက်ကာ စုံနံ့သာမြိုင်စပ်စုရေးခရီးစဉ်ကို နှင်ခဲ့မိပြန်ပါရဲ့။

(သုံး)

တောတစ်နေရာမှာ တက်နေပြန်တဲ့ ပြဿနာကလည်း ကားနဲ့ မကင်းဘူးခင်ဗျ။ အခုကားက တက္ကစီ။ ကားနားမှာ တိရစ္ဆာန်ပေါင်းစုံ ဝိုင်းအုံလို့။ ကားက လူ့ရွာကနေ ငှားစီးလာတဲ့ကား။ ငှားစီးလာတဲ့ သတ္တဝါက မြင်းမ

mgyoe.com

ကလေး။

"ကျွန်မကို တစ်လမ်းလုံး သားပြော၊ မယားပြော ပြောလာတာ။ ကျွန်မ မကျေနပ်ဘူး" တဲ့။

ကားမောင်းသူ လူက ခေါင်းငိုက်စိုက်ချလို့။

"ကားခ မပေးချင်ရင် နေပါဗျာ။ ပြဿနာ မလုပ်ပါနဲ့။ ခင်ဗျားပဲ တစ်လမ်းလုံး ငွေလိုတယ်ဆို၊ ကူညီပါဆို၊ မကူညီရင် ပြဿနာရှာမယ်ဆိုတာ ခုလိုလုပ်တာလားဗျာ" တဲ့။

ခဏတိတ်သွားပြီးတဲ့နောက်မှာ တောကြောင်က ဝင်ပြီး ဖျန်ဖြေပါတယ်။

"မြင်းမကလေးက အမပါ ...။ အမသဘာဝ မရှက်နိုင်တော့ဘဲ ဖွင့်ပြောတယ်ဆိုကတည်းက ကားဆရာက မဟုတ်တရုတ်သွေးဆောင်တာ ဟုတ်လို့နေမှာပေါ့ ...။ ကဲ နစ်နာတာကလေး အလျော်ပေးပြီး ပြန်လိုက်ပါဗျာ" တဲ့။

လူ ကားဆရာကလေးခမျာ ပိုင်းအုံလာတဲ့ တိရစ္ဆာန်မျက်လုံးတွေကို ထိတ်ခနဲဖြစ်ကာ ပါလာတဲ့ ပိုက်ဆံကလေးတွေကို ထုတ်ပေးရပြန်ပေါ့။ ခပ်သွက်သွက် မောင်းထွက်သွားတဲ့နောက်မှာ တိရစ္ဆာန်တစ်စုက ဝေစုခွဲနေကြပြန်ရဲ့။

(လေး)

"အလုပ်အကိုင်ရှားတယ် ... ရှားတယ်နဲ့ ဘဝကို ဖြစ်သလိုနဲ့ ပစ်ချ မထားကြဘူး။ အလုပ်ဖြစ်အောင် ကြံဖန်စဉ်းစားကာ အသက်ရှင်ကြတာဟာ နည်းတဲ့ သတ္တိမဟုတ်ဘူး" တဲ့။

ဖွတ်ကြီးက ကြံကြံဖန်ဖန် ပိုက်ဆံရှာတဲ့ တောသတ္တဝါတွေအတွက် လက်မထောင်လို့။

ဟုတ်ပ။ ရှင်သန်ဖို့ အသက်မွေးဝမ်းကျောင်းကြတဲ့အခါ ခုလို နည်းလမ်းအသစ်တွေနဲ့ ရုန်းကန်သင့်ရင်လည်း ရုန်းကန်ရမှာသာပ။ တိရစ္ဆာန် စကားပုံပေါင်းချုပ်ထဲမှာတောင် တချို့စကားပုံတွေက ပြန်ပြင်ထားပြီးပြီဥစ္စာ။

ကေသရာဇာမှန်ရင် မြက်မစား မဟုတ်တော့ဘူး။ ကေသရာဇာ မှန်

mgyoe.com

mgyoe.com


သော်လည်း မြက်နည်းနည်း စားနိုင်သည်တဲ့။

တောထဲက တိရစ္ဆာန်တချို့ရဲ့ စီးပွားရေး ခြေလှမ်းအသစ်တွေကို ကမ္ဘာကျော် စီးပွားရေးတက္ကသိုလ်ကြီးတွေဆီမှာ ပို့ချဆွေးနွေးစေချင်လိုက်တာ။ လူတွေ လက်ဖျားခါသွားကြမှာ ဧကန်မုချမလွဲ စင်စစ်ဖြစ်ရစေ့မယ်လို့ ပြောရဲပါကြောင်းဟူလို ။ ။

**7Day Daily, 21.May.2017**

❒

mgyoe.com

mgyoe.com

# ရဂုံအတွင်းမှာတော့ ဒုံရင်း

(တစ်)

အရာရာကို အစွယ်တွေ၊ အဆိပ်တွေနဲ့ ဖြေရှင်းမယ်၊ နေရာတိုင်းမှာ အစွယ်ထက်တဲ့ သတ္တဝါတွေနဲ့ အဆိပ်ပြင်းတဲ့ အကောင်တွေကပဲ ကြီးစိုးမယ် ဆိုတဲ့ ဂနိုင်လမ်းစဉ်နဲ့ မြိုင်စခန်းနှင်ခဲ့ကြရာက ဦးသျှောင်မြေခွေးတို့ ဇာတ်ခေါင်းကွဲကာ အစွယ်မပါ အဆိပ်ဗလာနဲ့ ဒေါင်းသတ္တဝါတွေက မေတ္တာက ရှေ့သွား စည်းကမ်းကလနားက နံဘေးယှဉ်ပြုပြင် ပြောင်းလဲမှုအစဉ်နဲ့ စုံနံ့သာမြိုင်ကို ခရီးဆက်လာလိုက်ကြတာ သဘာဝဖွေးဖွေး မနောမွေးမွေးနဲ့ တောတော့ အေးပြီလို့ ထင်ထားခဲ့တာ။

ဟော ... အခုတော့ ဘယ်မှာဟုတ်လို့တုံး။ ပူညံပူညံ ဂနိုင်တဲ့ခင်ဗျ။ ပွစိပွစိ မြိုင်တဲ့ခင်ဗျ။ ဟိုနားကလည်း တို့အရေး တို့အရေးတဲ့။ သည်နားက လည်း အလိုမရှိ အလိုမရှိတဲ့။ မှန်ကြ၊ မမှန်ကြဆိုတာ အသေအချာ မသိပေမဲ့ ဆန္ဒတွေကဖြင့် ထုတ်ဖော်လို့နေလိုက်ကြတာများဆိုတာ။

"အဆွေတို့တောက မအေးပါလားဗျာရယ်"

အိမ်ရှေ့ပူတော့ အိမ်နောက် မချမ်းသာဆိုသလို တောတိရစ္ဆာန်တွေနဲ့ ရင်းနှီးသူဂျက်က သမင်ကြီးတစ်ကောင်နဲ့ တွေ့ကြစဉ်အခိုက်မှာ အနို့ကလို

mgyoe.com